

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝိပဿနာယောဂီ ပုဂ္ဂိုလ်လေးမျိုး

## (ရှင်အာနန္ဒာနှင့် ရှင်သာရိပုတ္တရာ)

### အမေးအဖြေ

၈၆

(၁၁၊၁၀၊၅၇)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရ မြို့၌ဟောကြားသောတရားတော်

# "ဝိပဿနာယောဂီပုဂ္ဂိုလ်လေးမျိုး"
# (ရှင်အာနန္ဒာနှင့် ရှင်သာရိပုတ္တာရာ)

## အမေးအဖြေ

(၁၁-၁၀-၅၇)

မိမိတို့ ပြင်ချင်စရာရှိတာကို မိမိတို့သိမှသာလျှင် သွားလိုရာခရီးကို ဖြောင့်ဖြောင့်တန်းတန်းရောက်မယ်၊ . . . (မှန်လှပါ)။ မိမိတို့အားထုတ်နေတဲ့ တရားသည် နိဗ္ဗာန်ကို အဖြောင့်သွားဖို့ အားထုတ်ကြတာဘဲ . . . (မှန်လှပါ)။

အဲ့ဒီ မိမိတို့အားထုတ်တဲ့တရားမှာ, ဘာလိုနေတယ်ဆိုတဲ့ ဥစ္စာကို သိလို့ရှိရင် လိုတာဖြည့်ပြီး ဒကာဒကာမတွေ ကြိုးစားကြလို့ရှိရင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်, အပါယ်လေးပါး တခါးပိတ်တဲ့နိဗ္ဗာန်, အနူအရွဲ့ အဆွံ့အအ,တွေမှ လွတ်တဲ့နိဗ္ဗာန်, တိရစ္ဆာန်အစရှိတဲ့ဖြစ်ခြင်း အစရှိသည်တို့မှ ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ ရောက်နိုင်တယ်. . . (မှန်လှပါ)။

အဲ့ဒီတော့ အားထုတ်ပြီးသကာလနေတာလိုတာ မဖြည့် တတ်သေးတော့လဲ ခရီးက မပေါက်ဘဲဖြစ်တတ်တယ်. . . (မှန်ပါ)။ အဲ့ဒီတော့ လိုတာလေးတွေ ဖြည့်ဖို့ရာကို ရှင်သာရိပုတ္တရာက အမေးခံပြီး, ရှင်အာနန္ဒာက မေးထားတာရှိတယ်. . . (မှန်လှပါ)။

အဲ့ဒီတော့ ရှင်သာရိပုတ္တရာက အမေးခံတဲ့ပုဂ္ဂိုလ်, ရှင်အာနန္ဒာကမေးတဲ့ပုဂ္ဂိုလ်ဆိုတော့, ရှင်သာရိပုတ္တရာကလဲ ပညာထက်မြက်တဲ့ ပုဂ္ဂိုလ်, ရှင်အာနန္ဒာကလဲ သောတာပန်တည်ပြီးသားပုဂ္ဂိုလ် . . . (မှန်လှပါ)။ အဲ့ဒီတော့ ဒကာသစ်တို့ ဒကာကြွယ်တို့က သိပြီးသားပုဂ္ဂိုလ်တွေ မေးကြ, ဖြေကြလို့ရှိရင်ဖြင့်, သူတို့အတွက် မဟုတ်ဘူး, အားထုတ်နေတဲ့ နောင်လာနောက်သားများအတွက်, ဆင်ခြင်ဖို့ရာ ထားခဲ့တဲ့စကားတွေဘဲလို့ မှတ်ရမှာဘဲ. . . (မှန်ပါ)။ သူတို့အတွက်တော့ မဟုတ်တော့ဘူး . . . (မှန်ပါ)။

## နောင်လာနောက်သားတွေအတွက်

အဘယ့်ကြောင့် သူတို့အတွက် မဟုတ်ပါသတုံးဆိုတော့ ရှင်သာရိပုတ္တရာက အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးပြီ . . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။ ရှင်အာနန္ဒာကလဲ သောတာပန်တည်ပြီးပြီ . . . (မှန်ပါ)။ အဲ့ဒီလို သောတာ

ပန်တည်ပြီးသား ပုဂ္ဂိုလ်က, ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်ကို မေးမြန်းစုံစမ်းတယ်ဆိုတော့ ဒကာဒကာမတို့ သိပြီးသားအတိုင်းဘဲတဲ့, နောင်လာနောက်သားတွေလိုတာဖြည့်ကြ, လိုတဲ့ကိစ္စကို ဖြည့်စွမ်းနိုင်ဖို့ရာ, ဘယ်နေရာလိုရင် ငါဘယ်နေရာဖြည့်ရမယ်ဆိုတာ သိရစ်ပါစေတော့ဆိုပြီး သူတို့နှစ်ပါး အဖြေနဲ့အမေး ပြုလုပ်ကြတာဂ်လို့, ဒကာသစ်တို့ ဒကာကြွယ်တို့ မှတ်ရမှာဘဲ . . . (မှန်ပါ)။

အဲ့ဒါ တိုတိုပြောတော့ တို့လိုအားထုတ်နေသူတွေအတွက် လိုတာဖြည့်ဖို့ နမူနာပေးတာဘဲလို့ မှတ်ရမှာဘဲ . . . (မှန်ပါ)။ ဒါဖြင့် ဒီအချက်ဟာ အရေးကြီးတဲ့အချက်ဆိုပြီး သကာလ ဘုန်းကြီးတို့ ဒကာဒကာမတွေ, အားထုတ်ဆဲဖြစ်တဲ့ ဒကာ၊ ဒကာမတွေအတွက် အင်မတန်မှ အရေးကြီးတယ်ဆိုတဲ့ ဥစ္စာ, ပေါ်လာပါပေါ့ကော၊ . . . (ပေါ်လာပါဘုရား)။

ကိုင်း-ဒါဖြင့် သူတို့လေးချက်မေးတာ လေးချက်ပဲ အမေးက,လေးချက်, အဖြေလေးချက်, ရှိပါတယ်လို့ မှတ်ရမယ်နော်. . . (မှန်ပါ့ါဘုရား)။

ပါဠိလိုသုံးတော့ "နိဿာ ဌာနဘာဂေယျ" လို့ဆိုတယ်။ သို့သော် ပါဠိလိုကို မြန်မာလို ဒကာ, ဒကာမတွေ သင်ကြားပြီး သကာလနေတော့ နားမလည်ဘဲ ဖြစ်မှာစိုးလို့ မြန်မာလိုဘဲ ပြောကြပါစို့. . . (မှန်လှပါ)။

ဝိပဿနာအလုပ်, လုပ်တဲ့ပုဂ္ဂိုလ်သည် ယုတ်သောယုပ်ခြင်းတစ်မျိုး၊ (မှန်လှပါ)။ ဝိပဿနာထဲမှာတော့ လုပ်တော့လုပ်နေတာဘဲ, သို့သော် ကိုယ်လုပ်နေတဲ့ အလုပ်သည်ကားဆိုလို့ရှိရင်ဖြင့် ဆုတ်ယုတ်တဲ့သဘော ရောက်နေတယ်၊ (မှန်လှပါ)။ ဝိပဿနာ ခရီးမပေါက်တဲ့အလုပ်မျိုးပေါ့လေ . . . (မှန်လှပါ)။ အဲ ဝိပဿနာကို ဆုတ်ယုတ်တဲ့ ဆုတ်ယုတ်သောလုပ်ခြင်းဖြင့် လုပ်နေတဲ့ ဝိပဿနာတစ်မျိုးလို့ တစ်နံပါတ် မှတ်ရမယ် . . . (မှန်လှပါ)။

ဝိပဿနာတော့ လုပ်နေတာဘဲ, သို့သော် ဒီဝိပဿနာပြည့်စုံအောင် မလုပ်နိုင်တဲ့အတွက် ဝိပဿနာမှာ ဆုတ်ယုတ်မှုနဲ့လုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တစ်မျိုး . . . (မှန်လှပါ)။ ဆုတ်ယုတ်မှုနဲ့ လုပ်နေတဲ့ ဝိပဿနာယောဂီတစ်မျိုးလို့ မှတ်ပါ . . . (မှန်လှပါ)။ ဆုတ်ယုတ်မှုနဲ့ လုပ်နေတဲ့ ဝိပဿနာယောဂီတစ်မျိုး. . . (မှန်လှပါ)။ ဘာတုံး . . . (ဆုတ်ယုတ်မှုနဲ့လုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တစ်မျိုးပါ)။

အင်း - သူဝိပဿနာတော့ လုပ်နေတာဘဲ ဆုတ်ယုတ်နေတာကို သူက မသိဘူး. . . (မှန်လှပါ)။ ကုသိုလ်မရတာတော့မဟုတ်ဘူးနော်. . . (မှန်လှပါ)။ ကုသိုလ်ကတော့ ရနေတာဘဲခရီး, ပေါက်, မပေါက်ကို ချိန်ဆတာသာ မှတ်ရမယ်။ ကုသိုလ်ကတော့ဖြင့် ဝိပဿနာလုပ်နေတာဆို ဘယ်ကုသိုလ်နဲ့

ယှဉ်ယှဉ်သူကသာတာဘဲလို့ မှတ်ထားလိုက်ပါတော့၊ . . . (မှန်လှပါ)။ ဆုတ်ယုတ်မှုနဲ့ ဝိပဿနာလုပ်နေသော ယောဂီပုဂ္ဂိုလ်တစ်မျိုး . . . (မှန်လှပါ)။

တည်ကာမျှနဲ့ ဝိပဿနာလုပ်နေသော ယောဂီပုဂ္ဂိုလ်တစ်မျိုး, သူကတော့ ဝိပဿနာတည်ရုံလေးတည်တယ်, တည်ရုံတည်ကာမျှနဲ့ လုပ်နေတဲ့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တစ်မျိုး. . . (မှန်လှပါ)။ ဆုတ်ယုတ်မှုလုပ်နေ, ဆုတ်ယုတ်မှုနဲ့ လုပ်နေတဲ့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တစ်မျိုးနော်. . . (တစ်မျိုးပါဘုရား)။ တည်ကာမျှနဲ့ လုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တစ်မျိုး. . . (မှန်လှပါ)။ ရှင်းသွားပြီလား. . . (ရှင်းသွားပြီဘုရား) ဒီက ဆုတ်ယုတ်မှု၊ ဒီကတည်ကာမျှ . . . (မှန်လှပါ)။ တစ်နံပါတ်က ဆုတ်ယုတ်မှုနဲ့ ဝိပဿနာလုပ်နေတယ်. . . (မှန်လှပါ)။

နှစ်နံပါတ်က ဝိပဿနာအလုပ် လုပ်တော့ တည်ကာမျှနဲ့ လုပ်နေတယ်၊ သုံးနံပါတ်ရှင်းပြပါဦးမယ်, ဒကာ-ဒကာမတွေ မှတ်စရာ, အထူးဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ကတစ်မျိုး . . . (မှန်လှပါ)။ ဘယ်နှစ်မျိုးရှိပြီးလဲ . . . (သုံးမျိုးရှိပါဘုရား)။

ကောင်းပြီ ဒါဖြင့် တစ်နံပါတ်က ဆုတ်ယုတ်မှုနဲ့ ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်တစ်မျိုး, တည်ကာမျှနဲ့. . . (ဝိပဿနာလုပ်နေတဲ့ပုဂ္ဂိုလ်တစ်မျိုး)။ ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ကတစ်မျိုး, အထူးလုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တစ်မျိုး သဘောကျလား. . . (ကျပါတယ်)။

ထိုးထိုးထွင်းထွင်းလုပ်နေတဲ့ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တစ်မျိုး. . . (မှန်လှပါ)။ ဘယ်နှစ်မျိုးရှိပါလဲ. . . (လေးမျိုးရှိပါတယ်)

## ဝိပဿနာယောဂီပုဂ္ဂိုလ်လေးမျိုး

၁။ ဆုတ်ယုတ်မှုနဲ့ ဝိပဿနာလုပ်နေတာက. . . (တစ်မျိုးပါ)။
၂။ တည်ကာမျှဖြင့် ဝိပဿနာလုပ်နေတာက . . . (တစ်မျိုးပါ)။
၃။ အထူးလုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်က တစ်မျိုး။
၄။ ထိုးထိုးထွင်းထွင်းလုပ်နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်ကတစ်မျိုး ဘယ်နှစ်မျိုးရှိလဲ. . . (လေးမျိုးပါ)။

မှတ်ထားကြစမ်းပါ, မှတ်ထားကြစမ်းပါ, ကိုယ့်အလုပ်လုပ်တဲ့ပုဂ္ဂိုလ်များ, ဒီလေးချက်သိသင့်တယ်, သိထိုက်တယ်, သိကောင်းတယ်. . . (မှန်လှပါ)။ ဒါမှသာလျှင်, ဒကာသစ်တို့, ဒကာကြွယ်တို့ ခရီးပေါက်ရောက်မယ်. . . (မှန်ပါ)။

အဲ့ဒီတော့ ဒကာ-ဒကာမတို့ ဒီရဟန္တာနဲ့ သောတာပန်ပုဂ္ဂိုလ်တို့၏ မေးမြန်းမှုသည် သူတို့ရောက်ပြီးသား လမ်းကိုဘဲ မေးတာဘဲ (မှန်လှပါ)။ သူတို့ကိုယ်တိုင် တွေ့ကြုံပြီး သကာလ, ခရီးပေါက်ရောက်လာပြီး သကာလ, သူတို့အတွက်ဖြင့် သံသယမရှိမှု၍, နောင်လာ နောက်သားများကို နည်းယူပြီး သကာလ, လိုတာဖြည့်ကြပါစေဆိုတဲ့သဘောကို အကြောင်းပြုပြီး သကာ

လ, အမေးအဖြေလုပ်တယ်လို့ ဒကာ-ဒကာမတွေက မှတ်ထားရမယ်. . (မှန်လှပါဘုရား)။ သဘောပါလား. . . (ပါပါတယ်ဘုရား)။

## ၁။ ဆုတ်ယုတ်မှုနဲ့ဝိပဿနာလုပ်ခနတဲ့ပုဂ္ဂိုလ်

ဆုတ်ယုတ်မှုနဲ့ ဝိပဿနာလုပ်နေတဲ့ တစ်နံပါတ်ပုဂ္ဂိုလ် စ-ပြောမယ်. . . (မှန်လှပါ)။ ဆုတ်ယုတ်မှုနဲ့ ဝိပဿနာ လုပ်နေတဲ့ တစ်နံပါတ် ပုဂ္ဂိုလ်ရှိပါတယ်, ဘာတုံးလို့မေးတဲ့အခါကျလို့ ရှိရင်ဖြင့် မိမိတို့မှာ မဆောက်ကည်လဲ, ဒကာကြွယ်ရေ ငါးပါးသီလရှိနေတာဘဲ. . . (မှန်လှပါ)။ ဆောက်တည်လဲ. . . (ရှိပါတယ်ဘုရား)။ ဆောက်တည်လဲ အထူးရှိတာဘဲ, မဆောက်တည်ဘဲနေလဲ, ငါးပါးသီလဟာ အမြဲတန်းသီလဖြစ်ပြီး သကာလနေသောကြောင့် ဘယ်ပုဂ္ဂိုလ်မဆို, ဒီသီလဟာ ရှိနေတာဘဲ. . . (မှန်လှပါ)။ ရှိနေတာကို ပျက်ပြားတဲ့အခါ ပျက်ပြားသလို သိရမှာပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ဒါဖြင့် ဒကာ,ဒကာမတွေမှာ, နိစ္စသီလ, နိစ္စဆိုတာမြဲတာ, သီလကစောင့်ရှောက်တာ. . . (မှန်လှပါ)။

### ငါးပါးသီလမြဲရမယ်

အမြဲတန်း သီလရှိနေတာက ဒကာ-ဒကာမတွေ သန္တာန်မှာ ငါးပါးသီလ၊ (မှန်ပါ)။ သဘောကျလား. . .

(ကျပါတယ်)။ အမြဲတန်းရှိနေတာက ဘာပါလိမ့် (ငါးပါးသီလပါ) အဲ့ဒီငါးပါးသီလက ဆောက်တည်လဲရှိတာဘဲ. . . (မှန်ပါ)။ ဒကာကြွယ်ရေ မဆောက်တည်လဲ. . . (ရှိပါတယ်ဘုရား)။ ရှိပြီး သကာလ နေတယ်ဆိုတာကို ဒကာ-ဒကာမတွေက မှတ်ထားလိုက်ကြပါ. . . (မှန်လှပါဘုရား)။

အဲ့ဒါ တချို့က ဘယ်လိုမေးကြတုံးဆိုတော့ ငါးပါး သီလထဲက ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယဆိုတဲ့ အင်္ဂါတွေ တစ်ခုခုချို့ယွင်းနေ တယ်. . . (မှန်လှပါ)။ ငါးပါးထဲက တစ်ပါးပါး ချို့ယွင်းနေတယ် ဆိုကြပါစို့. . . (မှန်လှပါဘုရား)။ ဝိပဿနာ အားထုတ်နေတယ် တဲ့ ဒကာ-ဒကာမတို့ဟင်. . . (မှန်လှပါ)။ ဝိပဿနာ အားထုတ် ပြီးသကာလနေတော့ သူ့မှာ ဆုတ်ယုတ်လျက်နဲ့ ငါးပါးသီလ ထဲက တစ်ပါးပါး ချို့ယွင်းပြီးသကာလ, ဆုတ်ယုတ်နေတဲ့ ဝိပဿနာတော့လုပ်နေတာဘဲတဲ့။

ဝိပဿနာလုပ်ပြီးသကာလ နေငြားသော်လဲ, သူ့မှာ ဒီငါးပါးထဲက တစ်ပါးပါးထဲက ချို့ယွင်းပြီးသကာလနေတော့ ဝိပဿနာဟာ လိုသလောက် ခရီးမပေါက်ဘူး (မှန်လှပါဘုရား)။

ဘာကြောင့်လဲလို့ မေးလို့ရှိရင် သီလငါးပါးထဲက တစ်ပါး ပါးက ချို့ယွင်းပြီး ဆုတ်ယုတ်နေလို့. . . (မှန်လှပါဘုရား)။ သဘောကျလား. . . (ကျပါတယ်)။ အင်း - ငါးပါးသီလထဲက

တစ်ပါးပါးဆုတ်ယုတ်ပြီး သကာလ ဒကာ-ဒကာမတွေ ဘုန်းကြီး ကခိုင်းလို့ ဝိပဿနာအလုပ်ကို လုပ်နေကြလို့ရှိရင်ဖြင့်တဲ့ ကုသိုလ် တော့အင်မတန်ရပါတယ်လို့မှတ်ပါ. . . (မှန်လှပါ)။

သို့သော်တဲ့ ဝိပဿနာအလုပ်မှာ ဆုတ်ယုတ်မှုနဲ့ သူလုပ် နေတယ်လို့ဘဲ မှတ်ရမယ်. . . (မှန်လှပါ)။ ဘာဖြစ်လို့တုံးလို့ မေးခွန်းထုတ်လို့ရှိရင် သီလထဲက တစ်ပါးပါး ချို့ယွင်းချက်ရှိနေ တယ်လို့ ဆိုရမယ်. . . (မှန်လှပါဘုရား)။ အဲ့ဒီတော့ ဘုန်းကြီး တို့ ဒကာဒကာမတွေက, ဩော် သီလငါးပါးထဲက တစ်ပါးပါး ချို့ယွင်းပြီးသကာလ နေခဲ့လို့ရှိရင် ဝိပဿနာမှာ ခရီးပေါက်ဖို့ရာ ကြာမြင့်တယ်ဆိုတာ မှတ်ထားရမယ်. . . (မှန်လှပါဘုရား)။ သဘောကျလား. . . (ကျပါတယ်)။

အဲ့ဒ်လို ကြာမြင့်တော့ ဘယ့်နှယ်ကြောင့် ဝိပဿနာ အလုပ် ငါဖြစ်ပျက်ကို မမြင်ပါလိမ့်မလဲ ရှုလျက်နဲ့ မမြင်တာ ဘယ့် အတွက်ပါလိမ့်မတုံးလို့, မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဒကာ-ဒကာမ တို့ သီလဘက်က ဆုတ်ယုတ်နေလို့. . . (မှန်လှပါဘုရား)။ သီလဘက်က တစ်ပါးပါး ဆုတ်ယုတ်နေတော့ ဆုတ်ယုတ်နေ လျက်နဲ့ ဝိပဿနာအားထုတ်တဲ့ ယောဂီအဖြစ်တော့. . . (တရားမရပါဘုရား)။ ကုသိုလ်မရဘူးလားမေးတော့. . . (ရပါတယ်)။ ရပါတယ်တဲ့ ပေါက်ပေါက်ရောက်ရောက် ဖြစ်နိုင် သလားလို့ မေးတဲ့အခါကျတော့ ဒီဟာကိုပြန်ပြီးသကာလ, သူက

ရှောင်ကြဉ်ပြီးသကာလ, လုပ်မှာဘဲရမယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါဘုရား)။ ဒါဖြင့် ဆုတ်ယုတ်ပြီးသကာလ လုပ်တဲ့ ဝိပဿနာဆိုတာကော သဘောကျပြီလား (ကျပါ ဘုရား)။

ကောင်းပြီဒါဖြင့် ဒကာ-ဒကာမတို့ ဆုတ်ယုတ်ပြီး သကာလနေတာလဲ သိပြီနော်. . . (သိပါတယ်ဘုရား)။ အဲ့ဒါ ကြောင့် အလုပ်လုပ်တဲ့အခါမှာ ခရီးပေါက်ရောက်ဖို့ နှေးကွေး တယ်. . . (မှန်လှပါ)။ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါ ဘုရား)။ ရှင်းနေတာဘဲ. . . (မှန်လှပါဘုရား)။

## ၂။ တည်ကာမျှနဲ့လုပ်နေတဲ့ပုဂ္ဂိုလ်

ဒုတိယပုဂ္ဂိုလ်ကတော့ ဒကာ-ဒကာမတို့ တည်ကာမျှနဲ့ လုပ်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ သူ့သီလလဲ ဆောက်တည်ပြီး သကာလ သီလလေးတော့ သူစင်ကြယ်အောင်တော့ဖြင့် နေလိုက်တာပါဘဲ. . . (မှန်လှပါ)။ ရှောင်ကြဉ်ပြီးသကာလ, နေပြီးသကာလ, ဝိပဿနာအလုပ်ကိုကျတော့ သူကခပ်လျှော့ လျှော့ ဖြစ်နေတယ်. . . (မှန်လှပါ)။ အားကြိုးမာန်တက် လုပ်ရမည့်အလုပ်ကိုပေါ့ဗျာ (မှန်လှပါ)။ အင်း ဝိပဿနာအလုပ် ကို ဝတ်ကျေတန်းကျေလောက် လုပ်နေလို့ရှိရင်ဖြင့် သူတည်ကာ မျှနဲ့လုပ်နေတဲ့ ပုဂ္ဂိုလ် . . . (မှန်လှပါဘုရား)။ သဘောကျလား

. . . (ကျပါတယ်)။ ဝိပဿနာအလုပ်ကျတော့ သူဝတ်ကျေ တန်းကျေ. . . (မှန်လှပါ)။

ဒီလို လုပ်နေလို့ရှိရင်လဲ တည်ကာမျှဘဲ ရှိတယ်တဲ့, သီလ တည်ကာမျှရှိပြီးသကာလ အထူးမပါဘူးပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ဒါဖြင့်တည်ကာမျှနဲ့ လုပ်နေတဲ့ပုဂ္ဂိုလ်လို့ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။ အဲ့ဒီပုဂ္ဂိုလ်ကျပြန်တော့လဲ ကုသိုလ်မရဘူးလား၊ ရတယ်. . . (ရပါတယ်)။ ရပင်ရငြားသော်လဲ မြန်မြန်ခရီးပေါက်ရောက်မလားဆိုတော့ သူသည်အထူးလုပ်ထိုက်တဲ့အလုပ်ကို အထူးမလုပ်ပဲ ဖြစ်နေတယ်. . . (မှန်လှပါဘုရား)။ ရှင်းကြလား. . . (ရှင်းပါဘုရား)။

ဒါဖြင့် တစ်နံပါတ်က ငါးပါးသီလထဲက တစ်ပါးပါး ယုတ်ပြီးလုပ်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ. . . (မှန်လှပါ)။ နှစ်နံပါတ်က သီလငါးပါးတော့ လုံခြုံအောင် စောင့်ရှောက်ပါ၏, ဝိပဿနာကျတော့ ခပ်လျှော့လျှော့ ဒီလိုဖြစ်နေပြန်လို့ရှိရင်လဲ နှောင့်နှေးကြမယ်. . . (မှန်လှပါဘုရား)။ မနှောင့်နှေးဘူးလား. . . (နှောင့်နှေးပါတယ်ဘုရား)။ သဘောကျလား. . . (ကျပါတယ်)။

ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့ သုံးနံပါတ်ကို ပြောတော့မယ် (မှန်လှပါ)။ သုံးနံပါတ်က ငါးပါးသီလ, ရှစ်ပါးသီလ ဆောက်တည်ချင်ရာဆောက်တည်, သီလများလဲ တည်သပေါ့ဗျာ. . . (မှန်လှပါ)။ ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစားဘဲလုပ်လိုက်တယ်. . . (မှန်လှပါဘုရား)။

## ၃။ ဝိပဿနာအထူးလုပ်နေတဲ့ပုဂ္ဂိုလ်

ဝိပဿနာအလုပ်ကို အထူးတန်ဆာဆင်ပြီးသကာလ, ကံစမ်းမနေဘဲနဲ့ မရမနေကြိုးစားတော့ပါမယ်လို့ သူသည် ကားဟော့ကြိုးစားလိုက်တာ၊ (မှန်လှပါ)။ သူကတော့ ဝိပဿနာ အထူးဆင့်ပြီး ကြိုးစားတယ်. . . (မှန်လှပါ)။ သူကျတော့လဲ ဝိသေသထူးသောအလုပ်ကို လုပ်တဲ့ပုဂ္ဂိုလ်လို့ ဆိုပါတယ်. . . (မှန်လှပါ)။သဘောကျလား . . . (ကျပါတယ်)။

## ဆရာမရှိရင်မဂ်ဉာဏ်မရနိုင်ပါ။

သို့သော်သူ့မှာ ဆရာသမားကင်းနေတဲ့အတွက်, ဖြစ်ပျက်ကိုလဲ မြင်ပါရဲ့, ဖြစ်ပျက်ကိုလဲ မုန်းပါရဲ့, သဘောကျလား . . . (ကျပါတယ်ဘုရား)။ ဆရာသမားအကူအညီက သူ့လို နေပြန်တော့လဲတဲ့, သူသည် အထူးတော့ လုပ်တော့လုပ်တာဘဲ တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်သေးဘူး. . . (မှန်လှပါဘုရား)။ အထူးတော့ လုပ်တာဘဲ. . . (မှန်လှပါဘုရား)။

သီလလဲတည်တာဘဲ, ဝိပဿနာလဲ ဖြစ်ပျက်တွေ အထူး တလည်ဘဲ, လုပ်တာဘဲ, ဖြစ်ပျက်မြင်၍ ဖြစ်ပျက်မုန်းပါတယ်, လုပ်နေတာပါဘဲတဲ့. . . (မှန်လှပါဘုရား)။ အင်း-ထူးတော့ လုပ်တာဘဲမဟုတ်လား. . . (လုပ်ပါတယ်)။ အေး အဲ့ဒီပုဂ္ဂိုလ် သည်ကားဆိုလို့ရှိရင် သူအနည်းငယ် ဟိုပုဂ္ဂိုလ်တွေလောက်

မနှောင့်နှေးသော်လဲ နှောင့်နှေးသေးတာလေး ကျန်နေသေးတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

## ၄။ ဝိပဿနာထိုးထိုးထွင်းထွင်းလုပ်တဲ့ပုဂ္ဂိုလ်

စတုတ္ထပုဂ္ဂိုလ်ပြောတော့မယ် ဒကာ-ဒကာမတို့. . . (မှန်လှပါ)။ စတုတ္ထပုဂ္ဂိုလ်ကတော့ ခုနက ငါးပါးသီလလဲ ဆောက်တည်ထားတယ် ဒီအကျင့်နဲ့ဒီအကျင့်ဖြင့် လုံခြုံအောင်နေတော့မယ်ဆိုပြီး လုံခြုံအောင် သူနေတာဘဲ, နေပြီးသကာလ အထူးတလည်ဘဲ ခုနက ဖြစ်ပျက်တွေမြင်အောင်, ဖြစ်ပျက်တွေ မုန်းအောင် လုပ်တာဘဲ. . . (မှန်လှပါ)။ သို့သော် သူက ဘာထူးလာသတုံးလို့ မေးတဲ့အခါ, သူက သစ္စာကို ဆရာကောင်း သမားကောင်းဆီက နာထားတယ်. . . (မှန်လှပါ)။

နာထားတော့ သူကသစ္စာကျအောင် ဖောက်ထွင်းပြီး သူကလုပ်လိုက်တယ်. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။ သစ္စာကျအောင် ဖေါက်ထွင်းပြီးလုပ်တဲ့ ပုဂ္ဂိုလ်ဖြစ်လေသောကြောင့်တဲ့ စတုတ္ထပုဂ္ဂိုလ်ကတော့ကိုတဲ့ အထူးထိုးထွင်းသိတဲ့ပုဂ္ဂိုလ်၏ အလုပ်လို့ မှတ်ပါ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ အဲသစ္စာသိအောင် အထူးထိုးထွင်းပြီး သိထားတဲ့ ပုဂ္ဂိုလ်လုပ်မှ ခရီးပေါက်ပါကလားဆိုတာ မှတ်ရမှာပေါ့. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . .

(ကျပါဘုရား)။ ဒါကအလုပ်, ဒါကြောင့်မို့ အဲ့ဒီတော့ကို ဒါပုဂ္ဂိုလ်လေးမျိုးကို ဆရာဘုန်းကြီးက ခွဲပြတယ်. . . (မှန်လှပါဘုရား)။

ယုတ်သော ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်ကတစ်မျိုး. . . (တစ်မျိုးပါ)။ တည်ရုံလေးနဲ့ ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး . . . (တစ်မျိုးပါ)။ အထူးဝိပဿနာ လုပ်တဲ့ပုဂ္ဂိုလ်ကတစ်မျိုး . . . (တစ်မျိုးပါ) ထိုးထွင်းပြီးတော့ ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး . . . (တစ်မျိုးပါ)။

ဒီ ဒကာ-ဒကာမတွေကျတော့ ဘုန်းကြီးများက သီလတော့ဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရှောင်ကြဉ်ပြီးသကာလ လုပ်ကြမှာဘဲ ဖြစ်မှာဘဲ. . . (မှန်လှပါ)။ ထိုးထွင်းသိနဲ့ အထူးအလုပ်ကတော့ ဆရာဘုန်းကြီးက နေ့တိုင်းဟောနေတယ်. . . (မှန်လှပါဘုရား)။

ထိုးထွင်းတဲ့အလုပ်ဆိုတဲ့ ဖြစ်ပျက်တွေမြင်မှု, ဖြစ်ပျက်တွေ မုန်းမှုဆိုတာလဲ နေ့တိုင်းဟောပါတယ်. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။ အေး-အထူးအလုပ်လဲ ဟောပါတယ်၊ ထိုးထွင်းသိ အလုပ်ဆိုတာလဲ ဒကာဒကာမတွေ နေ့တိုင်းပြနေတော့ ဖြစ်ပျက်ရမယ်, မုန်းလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ ခင်ဗျားတို့သန္တာန်ရှိတဲ့ ရုပ်ဖြစ်ပျက်ဖြစ်ဖြစ်, နာမ်ဖြစ်ပျက်ဖြစ်ဖြစ်, ဒါဒုက္ခသစ္စာဘဲလို့ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချနိုင်အောင်လုပ်ပါ၊ ထိုးထွင်းပြီးသကာလ. . . (မှန်လှပါဘုရား)။

ဒီထဲ အဝိဇ္ဇာတည်းဟူသော တရားက, ဖုံးပြီးသကာလ, မသိ, မရှိလိုက်ပါနဲ့, ဒါဖြစ်ပျက်ဟာ ဒုက္ခသစ္စာပါဘဲလို့ ဒကာကြွယ်တို့, ဒကာသစ်တို့ ပြောထားတယ်. . . (မှန်လှပါဘုရား)။ ပြောထားတော့ သစ္စာကျအောင် ဆုံးဖြတ်ချက်ချလိုက်မှသာလျှင် ထိုးထွင်းသိဖြစ်ပြီး, မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါ် လာမယ် (မှန်ပါ့ဘုရား)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် စတုတ္ထပုဂ္ဂိုလ် အခြေအနေဟာ အတော် အရေးကြီးတာပေါ့ (ကြီးပါတယ်ဘုရား)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့ တစ်နံပါတ်ပုဂ္ဂိုလ်က ဆုတ်ယုတ်တဲ့ ဝိပဿနာအလုပ် လုပ်တဲ့ပုဂ္ဂိုလ်, (မှန်လှပါ)။ ဆုတ်ယုတ်မှုနဲ့ ဝိပဿနာအလုပ်, လုပ်တဲ့ပုဂ္ဂိုလ်၊ တည်ကာမျှနဲ့ ဝိပဿနာအလုပ် လုပ်တဲ့ပုဂ္ဂိုလ် . . . (မှန်လှပါ)။ အထူးဝိပဿနာ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်. . . (မှန်လှပါ)။ ထိုးထွင်းပြီးသကာလ အသိနဲ့လုပ်တဲ့ ဝိပဿနာအလုပ်လုပ်တဲ့ ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရလဲ. . . (လေးမျိုးပါဘုရား)။

မှတ်ထားကြစမ်းပါ, ဒီဥစ္စာနော်. . . (မှန်လှပါဘုရား)။ အဲဒီတော့ ဒီပုဂ္ဂိုလ်လေးမျိုးတော့ ဒကာ ဒကာမတွေက သိထားပြီ

ဆိုတော့ အမေးကို မေးကြပါဦးစို့ . . . (မှန်လှပါ)။ အရှင်ဘုရား တဲ့ ရှင်အာနန္ဒာက ရှင်သာရိပုတ္တရာ မေးလိုက်တယ်. . .

ယခုဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟာလဲ ဘယ်အကြောင်း ဘယ်အထောက်အပံ့ရမှ နိဗ္ဗာန်ရောက်ပါသလဲ, ယခုဘဝ နိဗ္ဗာန် ကို မျက်မှောက်ပြုပြီးသကာလ မရောက်တဲ့ပုဂ္ဂိုလ်ကလဲ ဘယ် အကြောင်း ဘယ်အထောက်အပံ့ကြောင့် မရောက်ပါလိမ့်မလဲ . . . (မှန်လှပါ)။ ရှင်းပြီလား. . . (ရှင်းပါဘုရား)။

ယခုဘဝ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ကလဲ ဘယ် အကြောင်း, ဘယ်အထောက်အပံ့ကြောင့် ရောက်ပါသလဲ. . . (မှန်လှပါ)။ ယခုဘဝ နိဗ္ဗာန်မရောက်တဲ့ ပုဂ္ဂိုလ်ကလဲ, ဘယ် အကြောင်းဘယ်အထောက်အပံ့ လိုနေလို့ မရောက်ပါလိမ့်မလဲ . . . (မှန်လှပါ)။ ရှင်အာနန္ဒာက မေးလိုက်တယ်. . . (မှန်လှပါ)။

ယခုဘဝ နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ် ဘယ်အကြောင်း ဘယ်အထောက်အပံ့ကြောင့် ရောက်ပါသတုံး, ယခုဘဝ နိဗ္ဗာန် မရောက်တဲ့ပုဂ္ဂိုလ်ကလဲ ဘယ်အကြောင်း ဘယ်အထောက်အပံ့ လိုလို့ မရောက်ပါသတုံး ရှင်းပြီလား. . . (ရှင်းပါဘုရား)။ သူမေးတာမေးတာ. . . (မှန်ပါ)။ ရှင်အာနန္ဒာက, ရှင်သာရိပုတ္တ ရာမေးတာ. . . (မှန်ပါ)။

ကိုင်း ဒကာဒကာမတွေ ယခုဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်က ဘာတဲ့. . . (ဘယ်အကြောင်းဘယ်အထောက်အပံ့ကြောင့်

ရောက်ပါသတုံး)။ ဘယ်အကြောင်း ဘယ်အထောက်အပံ့ ကြောင့် ရောက်ပါလိမ့်မတုံး. . . (မှန်လှပါ)။ ရှင်းပြီလား. . . (ရှင်းပါဘုရား)။ ယခုဘဝနိဗ္ဗာန်မရောက်မည့်ပုဂ္ဂိုလ်ကဘာတဲ့ (ဘယ်အကြောင်းဘယ်အထောက်အပံ့ လိုနေလို့ မရောက်ပါ သတုံး)။ ဩော် ဘယ်အကြောင်း ဘယ်အထောက်အပံ့လိုနေ လို့. . . (မှန်ပါ)။ သူကလိုနေတာလေးတစ်ခုဘဲ. . . (မှန်လှပါ)။

## ရှင်အာနန္ဒာ၏မေးမြန်းချက်

တစ်နံပါတ်အမေးကဘာတဲ့. . . (ဘယ်အကြောင်း ဘယ်အထောက်အပံ့ကြောင့် နိဗ္ဗာန်ရောက်ပါသလဲ)။ အေး ယခု ဘဝ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်များကတော့ ဘယ်အကြောင်း ဘယ်ထောက်အပံ့ပြည့်စုံလို့ ရောက်ပါသတုံး. . . (မှန်လှပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ယခုဘဝနိဗ္ဗာန်မရမည့် ပုဂ္ဂိုလ်က တော့ ဘယ်အကြောင်း ဘယ်အထောက်အပံ့လိုနေလို့ (မရောက်သလဲ)။ မရောက်သလဲဆိုတာ ဒကာ-ဒကာမတွေ ရှင် အာနန္ဒာက မေးလိုက်တယ်။ . . . (မှန်လှပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

ကိုင်း ဒကာ-ဒကာမတို့ တစ်နံပါတ်ဘယ်လိုမေးရမယ် (ယခုဘဝနိဗ္ဗာန်ရောက်ကြတဲ့ ပုဂ္ဂိုလ်များ ဘယ်အကြောင်း ဘယ် အထောက်အပံ့ကြောင့် ရောက်ပါသလဲ)။ အေး ယခုဘဝ နိဗ္ဗာန်

ရောက်ကြတဲ့ ပုဂ္ဂိုလ်များ ဘယ်အကြောင်း ဘယ်အထောက်အပံ့ ကြောင့် ရောက်ပါသလဲ. . . (မှန်လှပါ)။ ယခုဘဝ နိဗ္ဗာန် မရောက်သည့်ပုဂ္ဂိုလ်များ ဘယ်အကြောင်း ဘယ်အထောက်အပံ့ လိုလို့. . . (မရောက်ပါသလဲ)။ မရောက်ပါသလဲဆိုတဲ့ဥစ္စာ, ဒါဖြင့် ဒီဥစ္စာ ဒကာကြွယ်တို့ ဒကာသစ်တို့ သိသင့်သိထိုက်တဲ့ အလုပ်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။ မဟုတ်ဘူးလား၊ (ဟုတ်ပါ တယ်ဘုရား)။ အားလုံးဒကာဒကာမတွေ သိသင့်သိထိုက်တဲ့ အလုပ်ဆိုတာ ရှင်းပြီလား. . . (ရှင်းပါဘုရား)။

ဒါဖြင့် ဒါတွေကို မသိဘဲနဲ့ လုပ်နေပြန်တော့လဲ အကြောင်းအထောက်အပံ့လိုနေတာ သူမသိဘဲလုပ်နေတော့ ပင်ပန်းရုံဘဲ ခရီးပေါက်သင့်သလောက် ပေါက်ပါ့မလား. . . (မပေါက်ပါဘူးဘုရား)။ ဒီအထောက်အပံ့လေး လိုနေတာသိတဲ့ ပုဂ္ဂိုလ်ကြတော့လဲ အင်း-အမြန်အဆန်ဘဲ ရောက်သွားလိမ့်မယ် ဆိုတာ မမှတ်ထိုက်ဘူးလား. . . (မှတ်ထိုက်ဖါဘုရား)။ ရှင်းပြီ လား. . ; (ရှင်းပါဘုရား)။

ဒါဖြင့် ရှင်အာနန္ဒာမေးပုံသည် ဒကာ-ဒကာမတို့ အတော့ကို အမေးအချိုးကျတယ်လို့ ဒကာသိုက်တို့ ဒကာကြွယ် တို့ မှတ်ရမယ်. . . (မှန်လှပါ)။ ယခုဘဝ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်သည် ဘယ်အကြောင်းဘယ်အထောက်အပံ့ ပြည့်စုံလို့ ရောက်ပါသလဲ. . . (မှန်လှပါ)။ ယခုဘဝနိဗ္ဗာန်မရောက်မည့်

ပုဂ္ဂိုလ်ကတော့ ဘယ်အကြောင်း ဘယ်အဟောက်အပံ့လိုနေလို့ မရောက်ပါလိမ့်မလဲ. . . (မှန်လှပါ)။ ဆိုတော့ ဒီအလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ အတော်အရေးကြီးတာဘဲ. . . (ကြီးပါတယ်ဘုရား)။ သဘောကျပြီလား. . . (ကျပါဘုရား)။

အဲ့ဒီတော့ ဘုန်းကြီးက ရှေ့ကလမ်းခင်းထားတယ်တဲ့ ဟောဒီလိုသာ မကွဲတဲ့ ပုဂ္ဂိုလ်ဟာကွာတဲ့ သူ့အကြောင်း အထောက်အပံ့ လိုနေလို့ မရောက်တာဘဲ (မှန်လှပါဘုရား)။ ယုတ်သော ဝိပဿနာအားထုတ်ခြင်း. . . (မှန်လှပါ)။ တည်သော ဝိပဿနာအားထုတ်ခြင်း, အထူးဝိပဿနာအားထုတ်ခြင်း, ထိုးထွင်းပြီးသကာလ အသိနဲ့ ဝိပဿနာ အားထုတ်ခြင်း. . . (မှန်လှပါ)။ ဒီအကြောင်းလေးမျိုးလိုနေလို့ရှိရင်လဲကွာတဲ့, ယခုဘဝနိဗ္ဗာန်မရောက်နိုင်ဘူး. . . (မှန်လှပါဘုရား)။

## ရှင်သာရိပုတ္တရာ၏ဖြေကြားချက်

ရှင်သာရိပုတ္တရာက ဒီအကြောင်းလေးပါးကို သိတဲ့ပုဂ္ဂိုလ်ကျပြန်တော့လဲ ယခုဘဝနိဗ္ဗာန်ရမှာဘဲ. . . (မှန်လှပါ)။ သဘောကျပြီလား. . . (ကျပါဘုရား)။

အင်း ဒကာ-ဒကာမတို့ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး သကာလနေတော့ ဘုန်းကြီးများက ဒီလို အကူအညီ ပေးမှသာ လျှင်လဲ ဒကာသစ်, ဒကာကြွယ်တို့ လိုရင်းချုပ်ကြမယ်. . .

(မှန်လှပါဘုရား)။ နို့မို့လို့ရှိရင်ဖြင့် ပင်ပန်းကျိုးတယ်နပ်ကြမယ် ဆိုတာ မဖြစ်နိုင်ဘူး. . . (မဖြစ်နိုင်ပါဘုရား)။ ပင်ပန်းကျိုး မနပ်ပဲ ဖြစ်လိမ့်မယ်၊ (မှန်လှပါဘုရား)။ သဘောကျလား. . . (ကျပါ ဘုရား)။

ဒါဖြင့် ယခုဘဝမှာ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ကတော့ ဟောဒီ အကြောင်းလေးပါးရှိတယ်ကွာတဲ့. . . (မှန်လှပါ)။ ရှင်သာရိ ပုတ္တရာကနော်. . . (မှန်လှပါ)။ အေး ဒီငါလုပ်နေတဲ့အလုပ်ဟာ ဒီနေ့အဖြစ်အပျက်တော့ လုပ်တာဘဲ ငါရုပ်အဖြစ်အပျက်တော့ လုပ်တော့လုပ်နေတာ မမြင်သေးပါဘူးဆိုလို့ရှိရင်ဖြင့်၊ ဩော် ငါ သီလဘက်က ယုတ်နေသေးလို့ မမြင်တာဘဲ. . . (မှန်လှပါ ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

ငါ သီလတော့ တည်တော့တည်တာဘဲ, လုပ်ပုံကပေါ့ နေပြန်လို့ရှိရင်လဲ. . . (မမြင်နိုင်ပါဘူး)။ မမြင်ပြန်ဘူး. . . (မှန်လှပါဘုရား)။ ဒုတိယပုဂ္ဂိုလ်. . . (မှန်လှပါ)။

တတိယပုဂ္ဂိုလ်ကတော့ သီလလဲတည်, လုပ်ပုံကလဲ အထူးလုပ်လိုက်တော့ ဖြစ်ပျက်တွေမြင်, ဖြစ်ပျက်တွေ မုန်းတယ်. . . (မှန်လှပါဘုရား)။ တတိယပုဂ္ဂိုလ်က. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။ အင်း ဒါတွေ သိတော့ ဒကာဒကာမတွေက တစ်နံပါတ်ကိုလဲ ငါတို့သည် ပြင်ဆင်ရမှာဘဲ. . . (မှန်လှပါ)။ ဟုတ်လား၊ တစ်နံပါတ်နဲ့လဲ

ငါတို့လုပ်နေလို့ ခရီးမပေါက်ဘူး. . . (မှန်လှပါ)။

နှစ်နံပါတ်နဲ့ငါတို့နေပြန်လဲ. . . (ခရီးမပေါက်ပါဘူး)။ သုံးနံပါတ်ကျအောင်တင်မှဘဲလို့ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။ ဟာ သုံးနံပါတ်မှာလဲ တစ်ခုလိုနေသေးတယ် ဆိုရမယ်. . . (မှန်လှပါ)။ သုံးနံပါတ်လဲ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်းတဲ့ဉာဏ်လောက်သာရှိပြီး ရပ်နေမယ် ဆိုရင်လဲ, သစ္စာမခွဲတတ်တာနဲ့, သစ္စာ, ကိုယ့်သစ္စာ ကိုယ်မသိတာနဲ့ဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အကန့်အကွက်သွားထင်ဖြစ်မယ်. . . (မှန်လှပါဘုရား)။ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲ့ဒါတွေ ထောက်ကြည့်တော့မှ ဒကာ-ဒကာမတွေ ရှင်သာရိပုတ္တရာ ဒီလေးမျိုးတို့ရဲ့ အကြောင်းကို သူ့ဟာသူသိလို့ ဆရာကောင်းသမားကောင်းကဟောလို့ သူသိလာလို့ သေသေချာချာ သုံးနံပါတ်အလုပ်ကိုလုပ်ပြီး လေးနံပါတ်ကိုလဲ ပေါက်ရောက်မယ်ဆိုရင်ကွာတဲ့ ယခုဘဝ နိဗ္ဗာန်ရပါတယ်, ဘာပါရမီမှ မလိုပါဘူး။ (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

သုံးနံပါတ်ကြိုးစားပြီး လေးနံပါတ်အဖြစ်ကိုလဲ ဆရာဘုန်းကြီးက ဟောထားလို့ ဒကာ-ဒကာမတွေက ဖြစ်ပျက် မြင်၊ ဖြစ်ပျက်မုန်းလို့ရှိရင်ဖြင့် ၎င်းဖြစ်ပျက်ဟာ တစ်ကိုယ်လုံးဟာ ဖြစ်ပျက်ချည်းဘဲ, ဒါဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိဘူးဆိုတဲ့ ထိုးထွင်းပြီး တက်လိုက်လို့ရှိရင်လဲ ဘာပါရမီမှ မလိုဘူးကွတဲ့,

ဒီလေးချက်ကို ကြံကာမဆိတ်ဟုတ်လား. . . (မှန်ပါ)။ သိမ်းဆည်းရာမဆိတ်မှတ်ပြီး လုပ်လိုက်လို့ရှိရင်လဲ ယခုဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဘဲ. . . (မှန်လှပါဘုရား)။

ဒီလေးချက်စလုံးကို ကောင်းကောင်းမသိတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဟော့တဲ့ ဒီဘဝ နိဗ္ဗာန်မရနိုင်ဘူး. . . (မှန်လှပါဘုရား)။ ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ တော်တော်အရေးကြီးနေတယ်ဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါဘုရား)။ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဒီကဆရာဘုန်းကြီးက သုံးနံပါတ်ဆိုတာ သီလလဲ ငါးပါးသီလလဲကိုင်း - ဒီကြားနဲ့ဒီကြားဟာဖြင့် ငါးပါးသီလခံယူ ခံယူပြီးသကာလထား, မခံယူချင်လို့ရှိရင်လဲ ဒီကြားနဲ့ဒီကြား မပေါက်ရပါဘူးဆိုပြီးသကာလ သီလလေးကိုလဲ ကိုယ့်ဟာကိုယ် ယူချင်လဲ ယူထားလိုက် သဘောကျပလား. . . (ကျပါတယ်)။

ယူထားပြီးသည်၏ ယူထားပြီးတဲ့ အခြားမဲ့၌ အထူးကိုတစ်ခါတည်း ဖြစ်ပျက်တွေ ကြိုးစားပါ. . . (မှန်လှပါ)။ ထူးထူးခြားခြား ကိုယ်ပိုင်အယူစိတ်တွေဖျောက်, ပေါ့ပေါ့တန်တန်မလုပ်နဲ့. . . (မှန်လှပါ)။ ခပ်ကြိုးကြိုးစားစားနဲ့ ဒကာသိုက်လုပ်စမ်း. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။

အဲ့ဒီတော့ သီလဘက်မှာ အထူးဝိပဿနာ အညွှန့်

တက်မလာဘူးလား. . . (တက်လာပါတယ်)။ အဲ အညွန့်တက်လာလို့ရှိရင်ဖြင့် ဒကာ့ဒကာမတို့ ဒီဖြစ်ပျက်တွေဟာ မြင်လာတာဘဲ. . . (မှန်လှပါဘုရား)။ မြင်လာလို့ရှိရင်ဖြင့် မဂ်ရတာဘဲဆိုတာ သဘောကျလား. . . (သဘောကျပါတယ်)။

အင်း-ဒီပုဂ္ဂိုလ်ဟာဖြင့် အထူးဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်လို့ဆိုထိုက်ပြီလား. . . (ဆိုထိုက်ပါတယ်)။ အဲ့ဒီပုဂ္ဂိုလ်မှာလဲ ဆရာကောင်းသမားကောင်းက သစ္စာဟောထားလို့ရှိရင်ဖြင့် သူဒီတွင်ရပ်မယ်. . . (မှန်လှပါဘုရား)။ ဒီတွင်ရပ်ထားလိမ့်မယ်. . . (မှန်လှပါ)။

အဲ့ဒီတော့ ခင်ဗျားတို့က ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်းပြီးသကာလ ဆက်အားထုတ်. . . (မှန်လှပါ)။ ဆက်အားထုတ်လို့ရှိရင်ဖြင့် ဩော်-ယခုတို့မြင်နေတဲ့ ဖြစ်မှုပျက်မှုလေးတွေဟာသက်သက်ခန္ဓာကိုယ်ထဲမှာ ခန္ဓာကိုယ်ထဲမှာတဲ့ ဒုက္ခသစ္စာလေးနှစ်ခုဘဲလို့ မှတ်လိုက်ပါ. . . (မှန်လှပါ)။ ဖြစ်လက်စ သစ္စာလေးနဲ့ ပျက်လက်စ သစ္စာလေး. . . (မှန်လှပါ)။ သဘောကျလား (ကျပါတယ်)။ ဘာသစ္စာလေးရ. . . (ဖြစ်လက်စ သစ္စာနဲ့ပျက်လက်စသစ္စာရပါတယ်)။

အဲ့ဒီလိုလဲ ဒကာ-ဒကာမတွေက ဉာဏ်လေးကို ထိုးထွင်းပေးလိုက် (မှန်လှပါ)။ ဖြစ်ပျက်မုန်းပြီးသည့် အခြားမဲ့၌ . . . (မှန်လှပါ)။ ဖြစ်ပျက်ကသစ္စာလေးဘဲ, ဖြစ်တာလဲဒုက္ခသစ္စာ,

ပျက်တာလဲ ဒုက္ခသစ္စာဘဲ, တကယ်တမ်းမှာတော့ ဖြစ်ပျက်မှ တစ်ပါး ဘာမှမရှိဘူး. . . (မှန်လှပါ)။ မရှိတော့ ဒုက္ခသစ္စာအစစ် ပဲလို့ ဉာဏ်ထဲဆုံးဖြတ်ချက်ချပေးရအောင် ဒကာ-ဒကာမတွေ လုပ်လိုက်. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။ ထိုကဲ့သို့ လုပ်လိုက်ပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ ယခုဘ၀ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်လို့ ရှင်သာရိပုတ္တရာက အဖြေထုတ်လိုက်တယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် တစ်နံပါတ်နဲ့တော့ မနေနဲ့ပေါ့ဗျာ. . . (မှန်လှပါဘုရား)။ နှစ်နံပါတ်သီလကလေးနဲ့ တင်းတိမ်ပြီး ဝိပဿနာ ယောင်ယောင်လေးလုပ်မနေနဲ့၊ (မှန်လှပါ)။ တစ်ခါတည်း သုံးနံပါတ်ဖြစ်တဲ့ သီလကလေးလဲ ဖြူစင်အောင်, ဝိပဿနာ အလုပ်လဲ ကြိုးကြိုးစားစားလေးလုပ်ရမယ်၊ . . . (မှန်လှပါ)။ အထူးပေါ့ဗျာ . . . (မှန်လှပါဘုရား)။ အထူးကြိုးကြိုးစားစားလေး ဒကာ ဒကာမတွေက လုပ်လိုက်လို့ပါ, သူ့အချိန်ပိုင်းနဲ့ သူ့အချိန်ပိုင်းနဲ့ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

အဲ့ဒီလိုလုပ်ပြီး သင်္ကာလ လေးနံပါတ်ဖြစ်တဲ့ ကိုတို့သည်ကားလို့ ဆိုရင် တစ်ကိုယ်လုံးဟာ ဘာမှမရှိဘူး, ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်၊ ဖြစ်တာနဲ့ ပျက်တာဟာလဲ ဖြစ်ပျက်သဘော သည်ကားဆိုလို့ရှိရင်ဖြင့် စုပေါင်းပြီး သိမ်းကျုံးယူလိုက်လို့ရှိရင် ဖြင့် ဒုက္ခသဘောမှတစ်ပါး ဘာမှမရှိဘူးလို့ ဒကာကြွယ်တို့ ဒကာ

သိုက်တို့က ဆုံးဖြတ်ချက်ချလိုက်၊ . . . (မှန်လှပါဘုရား)။ . . . ဖြစ်တာနဲ့ ပျက်တာသည် ဒုက္ခသဘောမှတစ်ပါး ဘာရှိသေးလဲ . . . (ဘာမှမရှိပါဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာလို့ သေသေချာချာ ပိုင်းပိုင်းခြားခြား ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်လို့ရှိရင်ဖြင့် ဒီဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်, ဘာပါရမီမှမလိုဘူးကွတဲ့ . . . (မှန်လှပါဘုရား)။ ကြည့်ပါလား။ ဒီလူ ဒကာဒကာမတို့ စဉ်းစားကြည့်ပါလား တစ်နံပါတ်ကိုတော့ ဩော် ငါ ဒါနဲ့ နေလို့မတော်သေးဘူးဆိုတော့ ပြင်လိုက်ပြီ၊ . . . (ပြင်လိုက်ပါဘုရား)။ နှစ်နံပါတ်က ငါသီလ တည်ရုံလေးနဲ့ မနေသေးဘူးဆိုတော့ ပြင်လိုက်ပြီ၊ . . . (မှန်လှပါဘုရား)။ သုံးနံပါတ်ကလဲ သီလတည်, ငါ ဝိပဿနာအလုပ် အထူးကြိုးစားလုပ်မယ်ဆိုတော့။

## ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်

သူ တော်တော်အလုပ်တန်းတက်လာပြီ . . . (တန်းတက်လာပါဘုရား)။ တန်းတက်လာပြီးသကာလ ဆရာဘုန်းကြီးက နည်းပေးထားလိုက်တယ်, ဟော ဒါတွေဟာ သစ္စာဆိုက်အောင် လုပ်ပစ်လိုက်ပော့လို့ ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ဘာပါရမီမှ မလိုတော့ဘူး၊ . . . (မှန်လှပါဘုရား)။ ဒကာကြွယ်ရေ ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဘဲ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သုံးနံ့ပါတ်နဲ့ လေးနံ့ပါတ်, ဒီဒကာဒကာမတွေမှာ သုံးနံ့ပါတ်တွင်လဲ မကျေနပ်ပါနဲ့နော်၊. . . (မှန်လှပါဘုရား)။ လေးနံ့ပါတ်လဲ တက်ဖြစ်အောင် တက်လိုက်လို့ ရှိရင်ဖြင့် ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်. . . (မှန်လှပါဘုရား)။

ရှေ့ဟောင်းက အကုသိုလ်တွေ အကုန်ကျေ၍ ရှိပြီးသား အကုသိုလ်တွေ အကုန်အဟောသိကံဖြစ်ရမည့် ပုဂ္ဂိုလ်တွေဘဲ၊ . . . (မှန်လှပါဘုရား)။ သဘောကျလား၊ (ကျပါတယ်)။ ရှေ့ဟောင်းအကုသိုလ်တွေ ဘာဖြစ်ရ . . . (အကုန်ကျေရပါတယ်) ရှိပြီးသား အကုသိုလ်တွေ၊ . . . (အကုန်ကျေပါတယ်)။ အကုန်အဟောသိကံဖြစ်ရမယ်၊ (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါတယ်)။

အင်း-ဒီပုဂ္ဂိုလ်တွေသည်ကားဆိုလို့ရှိရင်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပြီးသကာလ ဒုက္ခခပ်သိမ်းငြိမ်းအေးတဲ့ဆီ, ရောက်ရမယ်. . . (မှန်လှပါဘုရား)။

ဒီလေးပါး နားလည်တဲ့ပုဂ္ဂိုလ်နော်၊ . . . (မှန်လှပါဘုရား)။ ဒီလေးပါးက လေးပါးစလုံး နားလည်ထားရမယ်. . . (မှန်လှပါ)။ နားလည်တာကတော့ လေးပါးစလုံး နားလည်ထားရမယ် . . . ၊ (မှန်လှပါ)။ သဘောကျပလား၊ . . . (ကျပါတယ်)။ ဘယ်လိုတုံး. . . (လေးပါစလုံးနားလည်ထားရပါမယ်)။

လေးပါးစလုံး နားလည်ထားပြီး, အင်းယုတ်သော ဝိပဿနာအားထုတ်ခြင်း အို-ဒီလိုမလုပ်ဘူး. . . (မှန်လှပါ)။ သီလလေးကြောင်ကြားနဲ့ ငါမလုပ်ဘူး. . . (မှန်လှပါ)။ ဟုတ်လား၊ . . . (မှန်လှပါ)။

ဒုတိယက သီလလေးတည်ပြီး ဝိပဿနာယောင်ယောင် လေးနဲ့နေရင်လဲ (မတည့်သေးပါဘူး)။ ဒါလဲမတည့်သေးဘူး ဆိုတော့ ဒါနားလည်လို့ သူပြင်နိုင်တာ၊ (မှန်လှပါဘုရား)။ နားမလည်ရင် . . . (မပြင်နိုင်ပါဘူး)။

အင်း-တတိယပုဂ္ဂိုလ်ကတော့ အထူးကို ငါသည် သီလလဲ လုံခြုံနေပြီ၊ (မှန်လှပါ)။ ဝိပဿနာလဲ အထူးကို ကြိုးစား လိုက်မယ်ဆိုတော့ အင်း-သူတော်တော် ခရီးပေါက်လာပြီ. . . (ပေါက်လာပါဘုရား)။ အဲ့ဒီတွင် အထူးယူချက်ကို ဆရာဘုန်းကြီး က အေး မင်းတို့ ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်မုန်းလို့ မုန်းပြီးခဲ့သော် ဒါတွေဟာ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမဟုတ်ဘူးလို့ မိမိခန္ဓာထဲ ရုပ်နာမ်တွေ ရုပ်ဖြစ်ပျက်ဖြစ်ဖြစ်, နာမ်ဖြစ်ပျက်မြင်မြင် မြင် နေရတာကို ဒုက္ခသစ္စာဆုံးဖြတ်ချက်ချလိုက်၊ . . . (မှန်လှပါ ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

အဲ့ဒီကဲ့သို့ ချလိုက်ပြီဆိုရင် ဒါခရီးပေါက်တာဘဲ, ဒီဘဝ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဘဲ. . . (မှန်လှပါဘုရား)။ ရှင်အာနန္ဒာ က ရှင်သာရိပုတ္တရာမေးလို့, ရှင်အာနန္ဒာကို ရှင်သာရိပုတ္တရာက

ဒီလေးချက် နားလည်လို့ ရှိရင်, ရှောင်တာဆောင်တာ နားလည် လို့ရှိရင်ကွာ ဒီဘဝနိဗ္ဗာန် ရမည့်ပုဂ္ဂိုလ်ပါဘဲ. . . (မှန်လှပါဘုရား)။

ဆိုတော့ ရှောင်တာဆောင်တာဆိုတာကလဲ ဒီလိုဆရာကောင်း သမားကောင်းတွေနဲ့မှ ရှောင်ရမည့်တရား. . . (မှန်လှပါ)။ ဆောင်ရမည့်တရား သိတာကိုးဗျ . . . (မှန်လှပါ ဘုရား)။

ဒီလိုမှ မသိဘဲနဲ့ဟာ ဘာလုပ်လုပ် ကုသိုလ်ရတာချည်းဘဲဆိုပြီး, ဒီလောက်ကလေးသိနေတဲ့ အသိမျိုးနဲ့တော့ နိဗ္ဗာန်မရပါဘူး. . . (မရပါဘုရား)။ သဘောကျလား၊ . . . (ကျပါတယ်)။ တချို့က သိတော့သိတယ်, ဘာအလုပ်လုပ်ကွာ, ကုသိုလ်ချည်းဘဲပေါ့, နိဗ္ဗာန်ရည်မှန်းလုပ်လို့ရှိရင်ဖြင့် ကောင်းတာချည်းပါဘဲ အစရှိသည်နဲ့ လုပ်နေတဲ့သူ, သူယုတ်နေတာ ဟုတ်လား၊ (မှန်လှပါ)။ အင်း တည်နေတယ်, အဲ အထူးရော. . . (မသိပါဘုရား)။ ထိုးထွင်းကော. . . (မသိပါဘုရား)။

အင်း-ဒီနေရာတွေ လိုနေတယ်ကွတဲ့, ရှင်သာရိပုတ္တရာက, အဲ့ဒီတော့ အယုတ်နှစ်ပါးကိုရှောင်ပြီး သကာလ အမြတ်နှစ်ပါးကို ဆောင်ပါ။

ဟုတ်လား. . . (မှန်လှပါ)။ ခရီးပေါက်အောင်လုပ်ရအောင်လို့ကွာ ဘာအလုပ်လုပ်ကွာ, ကောင်းတာလုပ် ကောင်းကျိုးပေးတာပေါ့, မကောင်းတာလုပ် မကောင်းကျိုးပေးတာဘဲပေါ့, ဒါထက် ဘာထူးစရာရှိသေးကုံးဆိုတဲ့ ပုဂ္ဂိုလ်များနဲ့

တော့ အတော်ကို ကွာခြားသွားတယ်၊ . . . (ကွာခြားသွားပါတယ် ဘုရား)။ မကွာခြားဘူးလား . . (ကွာခြားပါတယ်)။

## ဆောင်ရန်ရှောင်ရန်သိမှ နိဗ္ဗာန်ရမည်

အေး ဒါကြောင့် ဒကာဒကာမတို့ အခုတရားနာရတဲ့ ဒကာဒကာမတို့က, ထိုးထွင်းသိ ဟုတ်လား၊ . . . (မှန်လှပါ)။ ထိုးထွင်း အထူးသိထိုးထွင်းသိကို, တို့သိပါကလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါဘုရား)။

သုံးနံပါတ်က အထူးသိကိုးဗျ၊ . . . (မှန်လှပါဘုရား)။ လေးနံပါတ်က ထိုးထွင်းသိ၊ . . (ထိုးထွင်းသိပါ)။ သဘောကျလား. . . (ကျပါတယ်)။ သုံးနံပါတ်က . . . (အထူးသိပါ)။ လေးနံပါတ်က . . . (ထိုးထွင်းသိပါ)။ ဟ ဒါဆောင်မှ ဒီထဲနိဗ္ဗာန်ရမှာပေါ့ . . . (မှန်လှပါ)။

ဒီလိုမှ ဒီလေးပါးရှောင်ရန် ဆောင်ရန်ကို မသိလို့ရှိရင်လဲ၊ . . . (နိဗ္ဗာန်မရနိုင်ပါဘူး)။ မရနိုင်ဘူးဆိုတော့ ဒကာကြွယ် ဒါသိသင့်သိထိုက်လို့, ဟောတာဘဲကိုးဗျ. . . (မှန်လှပါဘုရား)။ ဒါဖြင့် ဝေးရာမှာနေလို့ ဒီလိုအထူးတလည်လဲ မသိဘူးဆိုလို့ရှိရင်ဖြင့် သိလယ်ပြီး ပြောချင်တာပြော ဆိုချင်တာဆိုဟုတ်လား . . . (မှန်လှပါ)။ ဒီလိုနေလို့ရှိရင်ဖြင့် ယုတ်မာသော အားထုတ်ခြင်းဖြစ်မယ်. . . (မှန်လှပါ)။

သီလတည်ပြီးသကာလ သီလကို အညွန့်မတပ်လို့ရှိ ရင် သီလတည်ရုံဘဲ ရှိတယ်ကွတဲ့၊ မဂ်ဖိုလ်မရနိုင်ဘူး၊ . . . (မရနိုင်ပါဘုရား)။ သဘောကျလား၊ (ကျပါတယ်)။

အင်း-တတိယပုဂ္ဂိုလ်ကျတော့ သီလလဲ တည်ပါတယ်ကွာတဲ့ အဖြစ်အပျက်ကိုလဲ မြင်ပါတယ်, သို့သော် သူသစ္စာနားမလည်ပြန်လို့ရှိရင်လဲ ဒီဘဝ သူသစ္စာက ငါးသစ္စာ နားမလည်မှုက သူ့ကန့်ကွက်ဦးမှာဘဲ. . . (မှန်လှပါ) သဘောကျပလား . . . (ကျပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ သီလလဲ တည်ဆောက်လုပ်, ဖြစ်ပျက်ကိုလဲ မြင်အောင်လုပ်. . . (မှန်လှပါ)။ သစ္စာကိုလဲ သိအောင်လုပ်လိုက်၊ . . . (မှန်လှပါဘုရား)။ အင်း-သစ္စာသိအောင်လုပ်ဆိုတော့ ဒီဖြစ်ပျက်ဟာဒုက္ခသစ္စာဘဲဆိုတာဉာဏ်နဲ့ သိပေးရုံပါဘဲ . . . (မှန်လှပါဘုရား)။

ဒီလိုဆိုတော့ ရှင်သာရိပုတ္တရာက -အင်း-ယျှဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟာ ဒီလိုလေးချက်သိတဲ့ပုဂ္ဂိုလ်ကွတဲ့. . . (မှန်လှပါ)၊ လေးချက်သိဆိုတာ ဆောင်ရန် ရှောင်ရန်သာသိတာ (မှန်လှပါ)။ ရှောင်ရမှန်းမသိ၊ ဆောင်ရမှန်းမသိ. . . (မှန်လှပါ)၊ သ ဘောကျလား . . . (ကျပါတယ်)။ ရှောင်ရန်ကတစ်နဲ့နှစ် . . . (မှန်လှပါ)၊ အင်း-သုံးနဲ့လေးက . . . (ဆောင်ရန်ပါဘုရား)။ ဒီလိုသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ကွ အာနန္ဒာရလို့

ရှင်သာရိပုတ္တရာ အသေအချာဖြေတယ် . . . (မှန်လှပါဘုရား)။ သဘောပါပြီလား . . . (ပါပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်မှာဘဲထိုင်ထိုင်ဟုတ်လား (မှန်လှပါ)၊ ဒီအချိန်မှာသီလလေး အင်းဒီအချိန်နဲ့ ဒီအချိန် ဖြင့်ဘယ်နည်းနဲ့မှ ငါသည်ကားလို့ဆိုလို့ရှိရင် ဒီသီလလေးငါးပါး တော့ဖြင့်စောင့်ရှောက်တော့မယ်ဆိုပြီးသကာလ ဖြစ်ပျက်ကို အထူးကြိုစားလိုက်ဝီရိယစိုက်ပြီးတော့ . . . (မှန်လှပါ)။

တစ်ခါတည်းသုံးနံပါတ်ကစပစ်လိုက်၊ . . . (မှန်လှပါ ဘုရား) သဘောကျလား၊ . . . (ကျပါတယ်)၊ ဘယ်နံပါတ်က စလုပ် . . . (သုံးနံပါတ်ကစလုပ်ရပ့ါမယ်)။သီလလဲဖြူစင်အောင် ဆောက်တည်ပစ်လိုက်၊ . . . (မှန်ပါ)၊သဘောကျလား. . . (ကျပါတယ်)။

ပြီတော့မှ ကိုင်း-ဒီဖြစ်ပျက်ကို မမြင်မနေရအောင် အထူးဘဲကြိုးစားပါတော့မယ်ဆိုပြီးကြိုးစားလိုက်၊ (မှန်လှပါ ဘုရား)၊ကြိုးစားလိုက်၊ သူဘယ်နံပါတ်ကစလဲ . . . (သုံးနံပါတ်က စပါတယ်)၊ အင်း-တစ်တွေနှစ်တွေလဲ၊ သူသိလို့ရှောင်နေတယ်၊ (ရှောင်နေပါတယ်)။ အင်းဒါတွေ အပျော့စားတွေ၊ အညံ့စားတွေ ဆိုတာသိလို့ ရှောင်ပစ်လိုက်တယ်. . . (မှန်လှပါဘုရား)၊ အဲ့ဒါ သုံးနံပါတ်ကိုဘဲ သူစပြီး လက်ကိုင်လုပ်တယ် (မှန်လှပါ)။ အဲ့ဒီ တော့ သုံးနံပါတ်နေပြီး ဖြစ်ပျက်တွေမြင် ဖြစ်ပျက်တွေမုန်းတဲ့

နိဗ္ဗိန္ဒဉာဏ်တွေတက်လာတယ်၊ . . . (တက်လာပါဘုရား)။

တက်လာတော့ လေးနံပါတ်ကိုလဲ ဆရာဘုန်းကြီးက ပြော-မုန်းတီးပစ်လိုက်စမ်းပါ၊ မင်းတို့မြင်နေတဲ့ဥစ္စာကို ဘာမှမဟုတ်ဘူးကွ ဒီဥစ္စာဒုက္ခသစ္စာအစစ်ကိုမင်းတို့အကြည့်မှိုင်းနေတာဘဲလို့ဆိုတော့ သူကဉာဏ်ရပြီးသားဖြစ်နေတော့ ဒါဒုက္ခသစ္စာဘဲလို့ ပိုင်းခြားတာပေါ့၊. . . (မှန်လှပါဘုရား)။ သူမြင်နေတဲ့ အဖြစ်အပျက်ကို ဘာလုပ်လဲ. . . (ပိုင်းခြားလိုက်ပါတယ်)။

အဲ့ဒီကဲ့သို့ ပိုင်းခြားလိုက်ပြီဆိုမှဖြင့် ဒီဒုက္ခတွေ ချုပ်ပျောက်သွားပြီးသကာလ သုခနိဗ္ဗာန် ပေါ်လာမှာဘဲဆိုတာကလဲ နေ့တိုင်းဟောနေကြဖြစ်နေတော့ ဒကာ ဒကာမတွေ အထင်အရှားသိပြီးသားဖြစ်နေတယ် . . . (မှန်လှပါဘုရား)၊ မဖြစ်ပေဘူးလား၊ . . . (ဖြစ်ပါတယ်)။

## ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟာဘယ်လိုပုဂ္ဂိုလ်ပါလဲ

ကိုင်းဒါဖြင့်ပြန်ပြီးနိဂုံးချုပ်ပါမယ် ဒကာ ဒကာမတို့ ရှင်အာနန္ဒာက ရှင်သာရိပုတ္တရာကိုမေးလိုက်တယ်၊ ယှုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲ . . . (မှန်လှပါဘုရား)။ယှုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲဘုရား၊ ရှင်သာရိပုတ္တရာဖြေစမ်းပါဦး . . . (မှန်လှပါ)။

အဲ့ဒီ တည်ကာမျှ ယုတ်၊ ယုတ်သောဝိပဿနာလုပ်ခြင်းဟုတ်လား . . . (မှန်လှပါ)၊ တည်ဆဲဝိပဿနာလုပ်ခြင်း၊ အထူးဝိ

ပဿနာလုပ်ခြင်း၊ ထိုးထွင်း၍ဝိပဿနာလုပ်ခြင်း၊ ဤလေးခုကို နားလည်ပြီး ဆိုင်ရာဆိုင်ရာကို ဝေဖန်နိုင်တဲ့ပုဂ္ဂိုလ်ကတော့ ကွာ တဲ့ သေသေချာချာ ဒီဘဝနိဗ္ဗာန်ရပါတယ်၊. . . (မှန်လှပါဘုရား)။

ဒီလေးခုအကြောင်းကို မသိဘဲနဲ့ တစ်နံ့ပါတ်နဲ့နေလိုက် နှစ်နံ့ပါတ်နဲ့နေလိုက်ဆိုရင်တော့ဖြင့် ဒါမရတော့ဘူးကွတဲ့ . . . (မှန်ပါ)၊ ဒီဘဝမရနိုင်ဘူး၊ (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အင်း-ဒါဖြင့် ဒကာသစ်တို့၊ ဒကာကြွယ်တို့ဘယ်က စကြ မတုံး (သုံးနံ့ပါတ်က စရပါမယ်ဘုရား) သုံးနံ့ပါတ်ကစပြီး လေးနံ့ ပါတ်တက်ဖြစ်အောင် တက်လိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သေချာ ပါပြီ. . . (သေချာပါတယ်ဘုရား)။ သဘောကျပြီလား (ကျပါ ဘုရား)

အင်း-ရဟန္တာပုဂ္ဂိုလ်ကြီးကဖြေလို့ သောတာပန်ပုဂ္ဂိုလ် အငယ်ရှင်အာနန္ဒာကမေးလို့ ဒီအမေးနဲ့ အဖြေသည်ကားဆိုလို့ရှိ ရင် ဖြင့် ခုနကမူလတရားတည်ခဲ့တဲ့အတိုင်း၊ ဒကာကြွယ်ရေ ကျုပ်တို့ အလုပ်ခွင် ဒီလိုလုပ်ကြကွာ၊ ပျော့ပျော့နဲ့နဲ့နှင့် မလုပ်ကြနဲ့ ကွာ၊လို့ပြောခဲ့တယ် . . . (မှန်လှပါ)။ ပျော့ပျော့နဲ့နဲ့နှင့်မလုပ်ပါနဲ့ ကွ. . . (မှန်လှပါဘုရား)။ ဟုတ်လား (မှန်လှပါဘုရား)။ သီလ ဆောက်တည်ပြီး, အထူးကို အလုပ်လုပ်စမ်းပါ. . . (မှန်လှပါ)။ အထူးလုပ်ပြီး သစ္စာထိုးထွင်းသိတဲ့ဉာဏ်ရအောင် တက်လိုက် စမ်းပါ. . . (မှန်လှပါဘုရား)။

ဒီလို တိုက်တွန်းတော့ကို ဩော်-တို့သည်ကားလို့ဆိုရင် သုံးကနေစပြီး လေးတက်လို့ရှိရင်ဖြင့် ဘာပါရမီမှ မလိုတော့ပါဘူး၊ တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အလုံးစုံဒုက္ခခပ်သိမ်းငြိမ်းတဲ့ အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားကြီးဟာဖြင့်, တို့ကိုယ်တိုင်ရမှာပဲဆိုတာ ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါဘုရား)။

ကိုင်း-ဘယ်ကစ၍ ဘယ်တက်ကြမယ်. . . (သုံးနံပါတ်ကစပြီး, လေးနံပါတ်တက်ရပါမယ်)။ သုံးနံပါတ်ကစပြီး လေးနံပါတ် တက်ပစ်လိုက်စမ်းပါ. . . (မှန်လှပါ)။

အဲ့ဒီတော့ ဒကာ ဒကာမတွေက သိစေလိုလို့သာ ဟောတာပါတဲ့၊ အချိန်မရွေး, သုံးနံပါတ်ကစပြီး လေးနံပါတ်တက်ကြတာပဲများပါတယ်. . . (မှန်လှပါဘုရား)၊ သို့သော် တချို့ကိစ္စတွေက များလွန်းလို့ဆိုပြီး, သီလလေးပဲ, မဆောက်တည်ဘဲရှိနေတဲ့ သီလလေးကလဲ, သီလကျန် သီလကြွင်း ကလေးနဲ့။

ခုနက ဝိပဿနာလေး လုပ်ဖြစ်အောင် လုပ်နေပြန်လဲ အင်း-ဒါယုတ်တာဖြစ်နေတယ်. . . (မှန်လှပါဘုရား)၊ တချို့ကလဲ သီလလေးတည်. . . ဝိပဿနာက ဝိပဿနာက ဒကာ ဒကာမတို့ သာမညလေး ဝီရိယခပ်လျော့လျော့ပေါ့ပေါ့နဲ့ပေါ့ဗျာ . . . (မှန်လှပါ)။ ဒီလိုကြိုးစားနေပြန်လဲဘဲ, နှစ်နံပါတ်လောက်နဲ့

လဲ, မရသေးဘူးဆိုတော့ မရသေးတာ သေချာသွားတယ်. . . (သေချာပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ သုံးနဲ့လေး လက်ကိုင်ထားပါဆိုတာကို ပြင်ပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)၊ ဘာလက်ကိုင်ထားကြ. . . (သုံးနဲ့လေး လက်ကိုင်ထားရပါမယ်ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါဘုရား)၊ သုံးကဘာပါလိမ့်မတုံးဆိုတဲ့ မေးခွန်းထုတ်လို့ရှိရင် သုံးက သီလဖြူစင်အောင် ဆောက်တည်ပြီးသကာလ, ဝိပဿနာအထူးကြိုးစားနော်. . . ။

ဘယ်ကျအောင် ကြိုးစားရမှာတုံးဆိုတော့ နိဗ္ဗာန်ကျအောင် ကြိုးစားလိုက်. . . (မှန်လှပါဘုရား)။ အဖြစ်အပျက်မြင်နေ၍ အဖြစ်အပျက်မုန်းပါစေ - မုန်းတာနိဗ္ဗာန်. . . (မှန်လှပါဘုရား)။ ဒီလိုကြိုးစားလို့ရှိရင်ဖြင့် သုံးနံပါတ်ရတယ်. . . (ရပါတယ်)။ ဟာ ဒီအချိန် သုံးနံပါတ်နဲ့မပြီးသေးပါဘူး, လေးနံပါတ်တက်ပါဦးမယ်ဆိုတော့ ပိုပြီး နိဗ္ဗာန်လေးရအောင် လုပ်ပေး, သစ္စာဆိုက်အောင် ဖြစ်ပျက်ဒုက္ခသစ္စာတွေပဲလို့ တကယ်တန်း ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်လို့ရှိရင်လဲ ပြီးသွားတာပါပဲ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဝေးသလား, နီးသလားလို့မေးလို့ရှိရင်သိသော ပုဂ္ဂိုလ်အတွက် နီးသားပဲ. . . (နီးပါဘုရား)။ မသိသောပုဂ္ဂိုလ်သွားနေလို့ရှိရင်, ရောက်မှာကို မဟုတ်

ပါဘူး၊ ဘာ့ကြောင့်တုံးလို့ နီးလျက်နဲ့ဝေးနေလို့. . . (မှန်လှပါဘုရား)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။

ကိုင်း-ဒါဖြင့် ဒီနေ့တရားမှာဖြင့် သိသောပုဂ္ဂိုလ်တွေဖြစ်ပြီး သကာလ အနီးအဝေးအသွားအလာ မှန်ပါစေတော့ဆိုတာကို သတိပေးလိုက်တယ်. . . (မှန်လှပါဘုရား)။ နီးလဲ နီးပါတယ်, အသွားအလာ ဒီအသွားနဲ့ သွားပါတော့, သီလလေးဖြူစင်ပြီး, အထူးဝိပဿနာအားထုတ်လိုက်. . . (မှန်လှပါဘုရား)။ ပြီးတော့မှ သစ္စာဆုံးဖြတ်ချက်ချလိုက်လို့ပြောတာဟာ အနီးကလေးဖြစ်သောကြောင့် အရောက်သာသွားဖို့အရေးဟာ ကိုယ့်အရေးပေါ့ဗျာ. . . (မှန်လှပါဘုရား)။ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

အဲ့ဒါ ယခုဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်သည် သုံးနဲ့လေးကိုင်ရလိမ့်မယ်၊ (မှန်လှပါဘုရား)၊ ယခုဘဝ နိဗ္ဗာန်မရမည့်ပုဂ္ဂိုလ်သည်ဘားဆိုလို့ရှိရင် ဒီလေးချက်ကို, တစ်ရော, နှစ်ရော, သုံးရော, လေးရော ဘာမှနားမလည်တဲ့ပုဂ္ဂိုလ်, ဘယ်တော့မှ မရောက်ဘူးကွ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

အင်း-ဒါတွေထောက်ကြည့်တော့မှ ဝိပဿနာအားထုတ်ပေမယ့်လည်း ဒီလို နည်းပြဆရာက ဘုရားဟောတွေနဲ့ဝေဖန်ပြီး သကာလ အလုပ်ခွင်လဲပြဦးမှ, ရောက်လာ ဒါအားထုတ်ဆိုရုံနဲ့ မပြီးသေးဘူး. . . (မှန်လှပါဘုရား)။ ဒကာ

ကြွယ်ပြီးပဲ့မလား. . (မပြီပါဘုရား)၊ မပြီးသေးဘူး ဒကာသိုက်ရ၊ (မှန်လှပါဘုရား)။

ယူပုံယူနည်း အင်း-တစ်နံပါတ်နဲ့ နှစ်နံပါတ်နဲ့တွင် အချိန်ကုန်နေ ဘယ့်နှယ်လုပ်ကြ . . . (မှန်လှပါဘုရား)။ ယုတ်သောအားထုတ်ခြင်း, တည်သောအားထုတ်ခြင်းဆိုတော့ မရဘူးကွ (မှန်လှပါဘုရား)၊ ဟုတ်လား. . . (မှန်လှပါဘုရား)၊ အထူးအားထုတ်ခြင်း, ထိုးထွင်းပြီး အားထုတ်ခြင်း. . . (မှန်လှပါ) သဘောကျလား. . . (ကျပါဘုရား)။

အထူးအားထုတ်ခြင်းဆိုတဲ့ သုံး. . . (သုံးပါ)၊ ထိုးထွင်းပြီးသကာလ အားထုတ်ခြင်း. . . (လေးပါ)၊ အဲ့ဒီအတွင်း သုံးနဲ့လေးပြည့်စုံလို့ရှိရင် ဒကာ ဒကာမတွေ လက်ခမောင်းခတ်ရုံပဲရှိမှာပဲ. . . (မှန်လှပါဘုရား)၊ သဘောပါပြီလား (ပါ-ပါတယ်)။

## "သေခါနီး" လို့ဘာဖြစ်လို့ခေါ်ပါလိမ့်

အေး-ဒါကြောင့် ခင်ဗျားတို့ အခုလဲ ဘုန်းကြီးများက ပြောရတယ်, ဒကာ ဒကာမတို့ ခင်ဗျားတို့လဲ သေခါနီးနေပြီ ဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)၊ ဘာဖြစ်လို့ တပည့်တော်တို့ သေခါနီးလို့ပြောရတာတုံးဆို မနေ့ကထက် ယနေ့နီးလို့ပြောရုံပဲ. . . (မှန်ပါ)၊ ဒကာကြွယ် ဒီအတိုင်းဆိုရမှာပဲ. . . (မှန်လှပါဘုရား)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

နက်ဖြန်ကျတော့လဲ ဒါဖြင့် တပည့်တော်တို့ ဘယ်လိုများ

နာမည်ပေးမှာတုံးလို့, ဘာမေးနေစရာလိုသေးလဲ. . . (မလို တော့ပါဘူးဘုရား)၊ နက်ဖြန်ကျတော့လဲ ဘယ်ပုဂ္ဂိုလ်ထဲ ဝင်ရ မှာလဲ. . . (သေခါနီး ပုဂ္ဂိုလ်ထဲဝင်ရမှာပါ)၊ အင်း-သန်ဘက်ခါ ကျတော့ (သေခါနီးပုဂ္ဂိုလ်ထဲဝင်ရမှာပါ)၊ အင်း-သေခါနီးတဲ့ဘက် ရောက်သွားတယ်. . . (မှန်လှပါ)၊ မရောက်ပေလား. . . (ရောက်ပါတယ်)။

အဲ့ဒီတော့ ဒီသေနည်းသည်ကားလို့ဆိုရင် ဒီခန္ဓာရှိရင် ဒီသေလမ်းမှ တစ်ပါးလဲ, လမ်းလွဲမရှိဘူး. . . (မရှိပါဘုရား)၊ အဲ့ဒီ တော့ ဒီခန္ဓာ ဒုက္ခသစ္စာကြီးနောက် မလိုချင်တော့ဘူးဆိုတဲ့ မဂ် ဉာဏ်လာလိုက်လို့ရှိရင်ဖြင့် ကျုပ်တို့သည် အသေလမ်းမှတစ်ပါး မသေလမ်းခွဲပြီးသားဖြစ်နေတယ်. . . (မှန်လှပါဘုရား)၊ သဘော ကျလား (ကျပါတယ်)၊ အသေလမ်းမှတစ်ပါး . . . (မသေလမ်း ခွဲပြီးသားဖြစ်ပါတယ်ဘုရား)။ မသေလမ်းကို သွားပြီးသား လျှောက်ပြီးသား, လမ်းလွဲပြုပြီးသား ပုဂ္ဂိုလ်များဖြစ်သွားတယ်ဆို တာ သဘောကျလား. . . (ကျပါဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတွေက ဖြေးဖြေး တစ်စ တစ်စ လုပ်မနေပါနဲ့ (မှန်လှပါ)၊ သေခါနီးလေ ခရီးမပေါက်လေ မှတ်စမ်းပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါတယ် ဘုရား) ဘယ့်နှယ် သေခါနီး လေ ခရီးမပေါက်လေ, သေခါနီး ဆိုတာက အင်း ကံ-ကံထိုင်း ဉာဏ်ထိုင်းဖြစ်လာပြီ. . . (မှန်လှ

ပါ)၊ ကံမွဲ ဉာဏ်မွဲဖြစ်လာပြီ (မှန်လှပါ)။ ဒါ့ကြောင့် သေခါနီး ခရီးမပေါက်ဘူးဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိပါ ဘုရား)။ ဘာဖြစ်လို့တုံး. . . (ကံမွဲဉာဏ်မွဲ ဖြစ်လာလို့ပါ)။ အေး. . . ကံမွဲ ဉာဏ်မွဲနဲ့ ကြိုးစားနေလို့. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အင်း တာရှည်သွားလေ ခရီးကမရောက်နိုင်လေ. . . (မှန်လှပါဘုရား)။ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ကံမွဲ ဉာဏ်မွဲနဲ့ စခန်းသွားနေလို့. . . (မှန်လှပါဘုရား)၊ ဘယ်လိုဆိုကြမယ်. . . (ကံမွဲဉာဏ်မွဲနဲ့ စခန်းသွားနေလို့ပါဘုရား)။

ဟာ ဒကာသိုက် နေရာကျလိုက်တာ, ယခုပြောသွားတာက စောစောစီးစီး မင်းဒီဘက်ကြိုးစားလာခဲ့ကွာ, အခုအချိန်မှာ ငယ်ပါသေးတယ်, ကြီးပါသေးတယ်ဆိုတော့ ကံမွဲနဲ့လုပ်တာ ဒါမှ မင်းမရောက်ဘူးပြော၊ (မှန်လှပါဘုရား)။ ရှင်းပြီလား၊ . . . (ရှင်းပါဘုရား)။ ရောက်စရာမြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။

အဲ့ဒီအချိန်ကျတော့ နားကလဲလေး၊ . . . (မှန်လှပါဘုရား)။ ဟင် အင်း အသွားအလာကလဲ နှေး. . . (မှန်လှပါ)။ အင်း တစ်ခါရောဂါဝေဒနာကလဲ ထူပြော၊ . . . (မှန်လှပါဘုရား)။ ဘယ်မှာလာပြီး ပြီးတော့ အိမ်မှုကိစ္စတွေကလဲ မသိလို့ ရှုပ်တာ တွေကလဲ ကြီးလေရှုပ်လေ၊ . . . (မှန်လှပါဘုရား)။ ဒီလို မနေဘူး လား၊ . . . (နေပါတယ်ဘုရား)။ အဲ့ဒီလိုနေတဲ့အခါကျ

တော့ ကံကလဲမွဲ, ဉာဏ်ကလဲမွဲဖြစ်သွားပြီ၊ . . . (ဖြစ်သွားပါဘုရား)။

## ကံမွဲဉာဏ်မွဲလာတော့ ဝိဇ္ဇာနောက်ဆုတ်တယ်

ကံကမွဲလာတော့ မျက်လုံးကြီး နီမြန်းလို့ နားထိုင်းပါတယ်၊ ခါးကိုင်းပါတယ်၊ အရေတွန့်လိုက်တာ ဒါ ကံမွဲချည်းမှတ်၊ . . . (မှန်လှပါဘုရား)။ ဉာဏ်မွဲက အရွယ်ကြီးလာတဲ့ အခါကျတော့ အဝိဇ္ဇာကထူပြီး, ဝိဇ္ဇာက နောက်ဆုတ်တယ်၊. . . (မှန်လှပါဘုရား)။ သဘောကျလား၊. . . (ကျပါတယ်ဘုရား)။ အဲ့ဒါကြောင့် ကံမွဲဉာဏ်မွဲနဲ့လုပ်လို့ မရနိုင်တဲ့ နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ၊ . . . (မှန်လှပါဘုရား)။

ကံကောင်း, ဉာဏ်ကောင်းနဲ့ ကြိုးစားမှသာလျှင် ရနိုင်တယ်၊ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . ၊ . . . (ရှင်းပါတယ်)။ ကြိုးမှ အားထုတ်ဆိုတာ ဘယ့်နှယ်ပြောကြပါတုံး၊ . . . (ကံမွဲဉာဏ်မွဲနဲ့ အားထုတ်တာကို ပြောတာပါဘုရား)။ ကံမွဲဉာဏ်မွဲနဲ့တော့ ဘာအရင်းအနှီးပြုပြီး, ဘာအမြတ်အစွန်းထွက်မှာတုံး၊ . . . (မထွက်ပါဘုရား)။ အမွဲဘာနဲ့ရင်းနှီးမှာလဲ၊ . . . (မရှိပါဘုရား)။ အမွဲဆိုတာ ရင်းနှီးစရာ မရှိတာ အမွဲဆိုတာ၊ . . . (မှန်လှပါဘုရား)။ အဲ့ဒီတော့ ဘယ်မှာအမြတ်ထွက်မလဲ၊ (မထွက်ပါဘုရား)။

ကံကောင်းဉာဏ်ကောင်းနဲ့ဆိုလို့ရှိရင်ဖြင့် ကံအပြည့် ဉာဏ်အပြည့်နဲ့ဆိုတော့ ရင်းနှီးကြမယ်ဆိုလို့ရှိရင်ဖြင့် အားကုန် စိုက်ပြီးသကာလ ရင်းနှီးရင် နိဗ္ဗာန်အမြတ်ထွက်မှာဘဲ၊ . . . (မှန် လှပါဘုရား)။ ရှင်းပြီလား၊ . . . (ရှင်းပါတယ်)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ဒီဝိသေသအထူးလုပ်ရ မယ်ဆိုတော့ ကံကောင်း, ဉာဏ်ကောင်းနဲ့ လုပ်ရမှာဗျ၊ . . . (လုပ်ရမှာပါဘုရား)။ ထိုးထွင်းသိ လုပ်ရမယ်ဆိုတာကော၊. . . (ကံကောင်းဉာဏ်ကောင်းနဲ့ လုပ်ရမှာပါဘုရား)။ အင်း-ကံမွဲ ဉာဏ်မွဲက, ဝိသေသဘက်လဲ သူပါနိုင်သေးရဲ့လား၊. . . (မပါနိုင်ပါဘုရား)။ ထိုးထွင်းတဲ့ဘက်ကော၊ . . . (မပါနိုင်ပါ ဘုရား)။ အဲ့ဒါကြောင့် ဒကာဒကာမတို့ သုံးနဲ့လေး လက်ကိုင် ထားပြီးသကာလ, ယနေ့ကစပြီး ကြိုးစားပါ၊. . . (မှန်လှပါ ဘုရား)။ ပေါ်ပြီလား၊. . . (ပေါ်ပါဘုရား)။

ကိုင်း-ဒါဖြင့် ယခုဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဟာ ဘယ် ပုဂ္ဂိုလ်တုံးဆိုတော့ ဒီလေးပါး နားလည်တဲ့ ပုဂ္ဂိုလ်၊ . . . (မှန်လှပါ ဘုရား)။ ပယ်မှုလဲ နားလည်တယ်၊ (မှန်လှပါ)။ ထိုင်မှုကော၊ . . . (နားလည်ပါတယ်)။ အင်း ဒီပုဂ္ဂိုလ်ဘာဆိုကြ၊ (နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ပါဘုရား)။ ဘယ်ဘဝပါလိမ့်၊ . . . (ဒီဘဝပါဘုရား)။

အေး-ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်၊ . . . (မှန်လှပါ ဘုရား)။ ဒီလေးပါး နားမလည်တဲ့ပုဂ္ဂိုလ်ဟာ. . . (ယခုဘဝ

နိဗ္ဗာန်မရနိုင်ပါဘူး)။ ယခုဘဝ နိဗ္ဗာန်မရနိုင်ဘူးဆိုကတည်း က သူ့အတော်ယုတ်ကျရတယ်၊ . . . (ယုတ်ကျပါဘုရား)။ ယုတ်ကျတယ်မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။

ကိုင်း ဒါဖြင့် ကိုယ့်ကိုယ်ကိုယ်ချိန်ကျပါတော့, ဩော် တို့ ဘယ်အထဲကပါလိမ့်မတုံးဆိုတာ ပေါ်လာပါလိမ့်မယ် . . . (ပေါ်လာပါဘုရား)။ ကဲ-ဒကာကြွယ်တို့ ပေါ်လာပြီလား၊ . . . (ပေါ်လာပါဘုရား)။ ဒကာသိုက်တို့ကော . . . (ပေါ်လာပါဘုရား)။

လုပ်ပြီးသားဘဲဗျ, ဘယ်နံပါတ်က စကိုင်ရမယ်၊ . . . (သုံးနံပါတ်က စကိုင်ရပါ့မယ်)။ အင်း-သီလလေးဖြူပြီး အထူးဝိပဿနာလေး အညွန့်တပ်လိုက်၊ . . . (မှန်လှပါဘုရား)။ ခုနက လေးနံပါတ်ကို ဆရာဘုန်းကြီးပြောသဖြင့် ပြီးလိုက် . . . (မှန်လှပါဘုရား)။ မပြီးဘူးလား၊ . . . (ပြီးပါတယ်ဘုရား)။ ရှင်းပြီလား။ . . . (ရှင်းပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ဟာ ဒီလိုဆိုလို့ရှိရင်ဖြင့် တို့သည်ကားလို့ ဆိုရင်ဖြင့် မသိရှောင် အသိဆောင်၊ . . . (မှန်လှပါဘုရား)။ နိဗ္ဗာန်မှန်းနေရတဲ့အတွက် ဆောင်သင့်တာဆောင်ရင် ဒီဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဘဲ. . . (မှန်လှပါဘုရား)။ တို့အတွက် သေချာပါပေ့လားဆိုပြီး ဝမ်းသာဖို့ သိပ်ကောင်းတယ်. . . (ကောင်းပါတယ်ဘုရား)။ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ရှေ့ကမသေချာရင်နေလေ၊ . . . (မှန်လှပါ)။ ယခု ဆရာကောင်း သမားကောင်းနဲ့ တွေ့တော့သေချာရတယ်၊ . . . (သေချာပါတယ်ဘုရား)။ အခုသေချာတာသည်ကား ဆိုလို့ရှိရင် ဖြင့် ခင်ဗျားတို့ ဒုက္ခတုံးဖို့ သေချာတာပေါ့. . . (မှန်လှပါဘုရား)။ မပေါ့ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်။ . . . (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ အလုပ်စခန်းလှည့်လို့ ပြပေးပါဦးမယ်, အလုပ်စခန်းလှည့်ပြပြီးသကာလ ဒကာ ဒကာမတွေ ပေးပါဦးမယ်, အင်းအလုပ်စခန်းဆိုတာ ဘာပါ လိမ့်မတုံးလို့ မေးဖို့လိုတယ်နော်၊ . . . (မှန်လှပါဘုရား)။

အလုပ်စခန်းဆိုတာ ဒကာဒကာမတို့ ရုပ်ကိုအား ထုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ နာမ်ကို အားထုတ်တဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ ရုပ်ကိုမြင်၍ ရုပ်ကိုမြင်တယ်၊ ရုပ်တို့၏ ဖြစ်တာမြင်တယ်၊ ရုပ် တို့၏ ပျက်တာမြင်တယ်၊ . . . (မှန်လှပါဘုရား)။ အဲ့ဒါသည် ငါကိုငါ့ဟာ, ငါ့ဥစ္စာမဟုတ်ပါလား သိ,သိလို့ရှိရင် ဒါအလုပ်, လုပ်နေတဲ့ပုဂ္ဂိုလ်၊ . . . (မှန်လှပါဘုရား)။

## ငါ့ကိုယ်၊ ငါ့ဟာ ငါ့ဥစ္စာမဟုတ်

ရုပ်တို့၏ ဖြစ်ပျက်ကို မြင်မြင်, နာမ်တို့၏ ဖြစ်ပျက်ကို မြင်မြင်, ဒကာကြွယ်ရေ ငါ့ကိုယ်လဲ မဟုတ်ဘူး၊ . . . (မဟုတ် ပါဘုရား)။ ငါ့ဟာလဲ၊ . . . (မဟုတ်ပါဘုရား)။ ငါ့ဥစ္စာလဲ၊

. . . (မဟုတ်ပါဘုရား)။ ဒီလိုသိနေလို့ရှိရင်ဖြင့် အဲ့ဒါသည် ကားအလုပ်, လုပ်နေတဲ့ ပုဂ္ဂိုလ်သာ မှတ်ပေတော့၊ . . . (မှန် လှပါဘုရား)။ ဟာ တို့မြင်နေတဲ့ ဖြစ်ပျက်ကလေး ဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါလား၊ . . . (မဟုတ်ပါဘုရား)။ သဘော ကျလား၊ (ကျပါတယ်)။

ငါ့ကိုယ်ဆိုတာ တဏှာကိုဗျ၊ . . . (မှန်လှပါဘုရား)။ ငါ့ဟာဆိုတာက မာန၊ . . . (မှန်ပါ)။ ငါ့ဥစ္စာဆိုတာက၊ . . . (ဒိဋ္ဌိပါ)။ အဲ-တဏှာ မာန ဒိဋ္ဌိ မပါဘဲနဲ့ အဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါလားလို့ ငါ့ဟာငါဖြစ်ပျက်ပြီးနေတဲ့ သဘော လေးဟာ ရုပ်သဘောကြည့်ကြည့်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။

နာမ်သဘောကြည့်ကြည့်ပေါ့ဗျာ၊ . . . (မှန်လှပါ)။ အင်း ငါ့ကိုယ်လဲ မဟုတ်ဘူး, ငါ့ဟာလဲ မဟုတ်ဘူး, ငါ့ဥစ္စာလဲ မဟုတ်ဘူး သက်သက် ဒီဥစ္စာအဖြစ်အပျက် သက်သက်မျှဘဲ, အနိစ္စသက်သက်မျှဘဲ၊ . . . (မှန်လှပါ)။ ဒုက္ခသက်သက်မျှဘဲ အနတ္တသက်သက်မျှဘဲ (မှန်လှပါ)။ အင်း-ဒီလိုသာ သိနေတဲ့ ပုဂ္ဂိုလ်ဟာ ဒါဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချ၊ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား။ (ရှင်းပါတယ်)။

ဝိပဿနာလုပ်နေတဲ့ပုဂ္ဂိုလ်၏ အမြင်သည် ဘယ်လို မြင်ပါလိမ့်မတုံး မေးရင်ဖြင့် ရုပ်တို့၏ ဖြစ်ပျက်မြင်လို့ရှိရင် လဲ ငါ့ကိုယ်, ငါ့ဟာ ငါ့ဥစ္စာမဟုတ်ကြောင်း သိတယ်၊ . . .

(သိပါဘုရား)။ နာမ်တို့၏ ဖြစ်ပျက်ကို မြင်တဲ့အခါရော၊ . . . (ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ကြောင်း သိပါတယ်)။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ကြောင်းသိတယ် . . . (မှန်လှပါဘုရား)။

"နေတံမမ, နေသောဟမသ္မိ, နမေသောအတ္တာ"ဘဲ၊ . . . (မှန်လှပါ)။ အဲ့ဒီပါဠိတော်ကို မြန်မာလို့ ပြန်လိုက်တော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ကြောင်း သိဖို့အရေးကြီးတယ်၊ . . . (ကြီးပါဘုရား)။ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့် ရုပ်တွေ၏ ဖြစ်ပျက်မြင်လဲ ဘယ်လိုဆုံးဖြတ် ချက်ချကြမလဲ၊ . . . ငါ့ကိုယ်, ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ပါဘူး၊ . . . (မဟုတ်ပါဘူး)။ သဘောကျလား၊ . . . (ကျပါတယ်)။

ဟုတ်လား, ငါ့ကိုယ်ဆိုတဲ့ တဏှာကလဲ မခင်တော့ပါဘူး၊ ဖြစ်ပျက်မို့၊ (မှန်လှပါဘုရား)။ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ် ဟာ ငါ့ကိုယ်ရယ်လို့ ခင်သေးရဲ့လား၊ (မခင်တော့ပါဘုရား)၊ ငါဟာ လို့လဲ မာနတက်သေးရဲ့လား၊ . . (မတက်ပါဘူး)။ ငါ့ဥစ္စာဆိုပြီး သကာလလဲ သိမ်းပိုက်သေးရဲ့လား၊ . . . (မသိမ်းပိုက်ပါဘူး ဘုရား)။

အင်း-ဒါဖြင့် ငါ့ကိုယ့်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့ သိတဲ့ အသိဟာ ဝိပဿနာအသိ၊ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား၊. . . (ရှင်းပါတယ်)။ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့ ဖြစ်ပျက်ကလေးတွေ မြင်မြင်ပြီးသကာလ နေရင်းသိနေတဲ့,

အသိကလေးဟာ ဘာအသိပါလိမ့်၊ . . . (ဝိပဿနာအသိပါ ဘုရား)။ ဝိပဿနာအသိ၊ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား၊ . . . (ရှင်းပါဟယ်)။

## ဝိပဿနာအမြင်မှန်

ရုပ်ကိုမြင်ရင်လဲ, ရုပ်ဖြစ်ပျက်မြင်ပြန်လဲ ဘယ်လို ဆုံးဖြတ်ချက်ချကြမယ်၊ . . . (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူး လို့ ဆုံးဖြတ်ချက်ချရပါမယ်)။ နာမ်လေး၏ ဖြစ်ပျက်မြင်ပြန်တော့၊ . . . (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါဘူး)။ ဒီလိုသိနေတဲ့အသိ ဟာ ဘာအသိပါလိမ့်၊ . . . (ဝိပဿနာ အသိပါ)။ ဝိပဿနာ အသိဘဲဆိုတာ သဘောကျလား၊ . . . (ကျပါတယ်ဘုရား)

အေး-ဒီလို သိဖန်များလာလို့ရှိရင်ဖြင့်တဲ့ ရုပ်ရှုတဲ့ ပုဂ္ဂိုလ်က ရုပ်ဖြစ်ပျက်တွေ မြင်တာ, ဒါအမြင်မှန်တွေဘဲ, ဘယ်လိုစိတ်ထား တည့်လာမှ, အမြင်မှန်ပါလိမ့်မတုံးဆိုတော့ ဒါလေးဟာ ဖြစ်ပျက် ကလေးတစ်ခုဟာ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ ဆိုစရာအကွက် တစ်ကွက်မှ မပါဘူးလို့ သိနေလို့ရှိရင် ဒါ ဝိပဿနာ အသိအမှန် ဘဲ. . . (မှန်လှပါဘုရား)။ အထူးဝိပဿနာဘဲလို့ မှတ်လိုက်ပါ၊ သုံးနံပါတ်ပါဘဲ၊ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား၊ . . . (ကျပါတယ်ဘုရား)။

နာမ်လေးတို့၏ စိတ်ကလေးဘို့ ဖြစ်ပျက်ကို မြင်ပြန်လို့

ရှိရင်လဲ ကိုယ့်အမြင်မှ ဟုတ်မှမဟုတ်တဲ့ဟာ, ဒါလေးဟာ ငါ့ကိုယ်လို့ ဆိုစရာများရှိသေးလား၊ စိတ်ကလေးကို၊ . . . (မရှိပါဘုရား)။ ငါ့ဟာလို့ ဆိုစရာများ ရှိသေးလား၊ . . . (မရှိပါဘုရား)။ ငါ့ဥစ္စာလို့ သိမ်းပိုက်စရာ၊ . . . (မရှိပါ ဘုရား)။ အဲဒီကဲ့သို့ မရှိတဲ့ မရှိဘူးလို့သိတဲ့ အမြင်ကလေးဟာ ဘာအမြင်ပါလိမ့်၊ . . . (ဝိပဿနာအမြင်ပါဘုရား)။ ဝိပဿနာအမြင်ဘဲ. . . (မှန်လှပါဘုရား)။

အဲ-ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ မြင်တဲ့အခါမယ် ဒီလို သုံးနှုန်းပြီးသကာလ မြင်တဲ့အမြင်သည် အမြင်မှန်ဘဲ၊ . . . (မှန်လှပါဘုရား)။ ဖြစ်ပျက်ကလေးဟာ ဖြစ်ပျက်ကလေး မြင်သလားလို့ ဆိုလို့ရှိရင် မြင်တယ်လို့ ခင်ဗျားတို့ ပြောကြရမှာဘဲ၊ (မှန်လှပါဘုရား)။

ပြောတဲ့အခါကျလို့ရှိရင်ဖြင့် ဒီအမြင်သည်ကားလို့ ဆိုရင် တဏှာမရှိလို့ မြင်တာ၊ . . . (မှန်လှပါဘုရား)။ မာန မရှိလို့၊ . . . (မြင်တာပါဘုရား)။ ဒိဋ္ဌိမရှိလို့၊ (မြင်တာပါဘုရား)။ အဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတာက ဒီတဏှာ မာနဒိဋ္ဌိကိုး။ (မှန်လှပါဘုရား)။ သူတို့ မပါလို့ အဖြစ်အပျက် ကိုမြင်တာ၊ . . . (မှန်လှပါဘုရား)။ အဲ့ဒါမြင်တော့ ဒကာ ဒကာမတွေအားလုံး ဘုန်းကြီးက ဖေါ်ပြောလိုက်တယ်. . . ။

မင်းတို့မြင်တဲ့ ဖြစ်ပျက်ကလေးဟာ ငါ့ကိုယ်လို့ ဆိုနိုင်

ရဲ့လား၊ . . . (မဆိုနိုင်ပါဘုရား)။ ငါ့ဟာ . . . (မဆိုနိုင်ပါဘုရား)။ ငါ့ဥစ္စာ . . . (မဆိုနိုင်ပါဘုရား)။ အဲ့ဒီ မဆိုနိုင်တဲ့ အမြင်လေး, ဖြစ်ပျက်အမြင်လေးဟာ တဏှာ, မာန, ဒိဋ္ဌိသတ်တဲ့ ဝိပဿနာမဂ်အမြင်ဘဲ၊ . . . (မှန်လှပါဘုရား)။ ဆိုထိုက်ပြီလား၊ . . . (ဆိုထိုက်ပါဘုရား)။

## အရှင်ရာဟုလာကိုဟောသော တရားတော်

ကောင်းပြီ၊ ဒါဖြင့် ရာဟုလာဟောနေတယ်လို့ မှတ်လိုက်စမ်း၊ ရာဟုလောဝါဒသုတ်ကို ဟောနေတယ်. . .၊ (မှန်လှပါဘုရား)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။ ရာဟုလာတဲ့ မင်းသည်ကားဆိုရင်ဖြင့် မင်းမှာ ရုပ်ဓမ္မရှိတယ်ကွာတဲ့, နာမ်ဓမ္မတွေလဲရှိတယ်၊ . . . (မှန်လှပါဘုရား)။

အဲ့ဒီရုပ်ဓမ္မနာမ်ဓမ္မတွေ ဉာဏ်နဲ့စိုက်ကြည့်လိုက်တဲ့ အခါ ခဏခဏဖြစ်ပျက်နေတာလေးတွေ မြင်တဲ့အခါကျတော့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ မင်းစွဲသေးသလား၊ (မစွဲပါ)။ မေးလိုက်တယ် . . . မစွဲဘူး, မစွဲတော့ မင်းအဲ့ဒါ ယထာဘူတ ဉာဏ်ရပြီ ကွာ၊ . . . (မှန်လှပါဘုရား)။ ဘုရားက ဘုရားက၊ . . . (မှန်လှပါဘုရား)။ မစွဲရင် ဘာတဲ့၊ . . . (ယထာဘူတဉာဏ်ရတာပါ)။ ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်ရပြီ. . . (မှန်လှပါ)။ မြန်မာလိုပြန်တော့ ယထာဘူတဉာဏ်ကို ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်၊

(မှန်လှပါဘုရား)။ သဘောကျလား၊ . . . (ကျပါဘုရား)။

ဒါဖြင့်ကွာ, ယထာဘူတဉာဏ်ရလို့ရှိရင်ဖြင့် ကွာတဲ့ ရာဟုလာ, ယထာဘူတဉာဏ်ရပြီးလို့ ရှိရင်ဖြင့်တဲ့ နိဗ္ဗိန္ဒဉာဏ် ဆိုတာ တက်လာတာဘဲဟေ့ဆိုပြီး သကာလ မင်းလဲ ဒီ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့သိတဲ့ အသိလေးနဲ့, ဘဲ ရုပ်ဆို ရုပ်ဖြစ်ပျက်ကလေးကို တစ်ခါတည်း စူးစူးစိုက်စိုက်ကြည့်နေတာ (မှန်လှပါ) နာမ်ဖြစ်ပျက်ကလေး စူးစူးစိုက်စိုက် ကြည့်နေတာပေါ့ ဗျာ . . . (မှန်လှပါဘုရား)။ ကြည့်နေတဲ့အခါကြလို့ရှိရင် ဩော် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါဘဲလျက်နဲ့ အသိနဲ့ရတာ ခွဲလို့မရ ခွာလို့ မရ ငါ့ဥစ္စာလို့ မပျောက်ပဲနဲ့နေတော့ မင်းဟာမင်း မုန်းလာမှာဘဲကွ၊ . . . (မှန်လှပါဘုရား)။

သဘောကျပြီလား၊ . . . (ကျပါဘုရား)။ သူ့ဟာသူ မုန်း လာတာဘဲလား ဒကာဒကာမတို့. . . (မုန်းလာပါတယ်)။ ဟင်- သူ့ပစ္စည်းနဲ့ ကိုယ်နဲ့သုံးထားရတာမျိုး ဖြစ်နေတော့, ကိုယ့်ပစ္စည်းနဲ့ သုံးတော့ ကိုယ့်နားကပ်ပြီး, ကိုယ့်နှိပ်စက်နေ တဲ့သဘောတွေ မြင်ရတော့ ဒကာကြွယ်တို့, ဒကာသိုက်တို့ ဘယ့်နှယ်ဖြစ်လာလဲ၊ . . . (မုန်းလာပါတယ်ဘုရား)။ သဘောကျလား. . . (ကျပါ တယ်ဘုရား)။

အဲ့ဒီကဲ့သို့ မုန်းပြီးသကာလ လာလို့ရှိရင်ကွာတဲ့၊ အဲဒီ မြင်တဲ့အပေါ်မှာ တစ်ခါတည်း တပ်ခြင်းကင်းသွားတယ်၊ . . .

(မှန်လှပါ)။ တပ်ခြင်းကင်းသွားတာလဲ, သူ့အဆိုမှာ, ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာအဖြစ်နဲ့, လိုချင်မှု, မာန်တက်မှု, သိမ်းပိုက်မှု, ဆိုတာတွေ အလုံးစုံစင်သွားတာဘဲ၊ . . . (မှန်လှပါ)။ တစ်ခါ တည်း လိုချင်မှုတွေ မရှိတော့ဘူး၊ . . . (မှန်လှပါဘုရား)။ အဲ့ လိုချင်မှုမရှိတာဟာ မဂ်ပေါ်ပြီ၊ . . . (မှန်လှပါ)။ သဘောကျ လား၊. . . (ကျပါတယ်)။ လိုချင်မှု မရှိတာဘာတဲ့၊ . . . (မဂ်ပေါ် တာပါဘုရား)။ အင်းလိုချင်မှု မရှိဘူးဆိုတော့ မဂ်လဲပေါ် လာပါ ရော, ဟိုကဟာလဲ ချုပ်သွားတယ်. . . (မှန်လှပါဘုရား)။

ခုနက ရုပ်ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ် ရုပ်ဖြစ်ပျက် ပျောက်, . . . (မှန်လှပါ)။ နာမ်ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်၊ . . . (နာမ်ဖြစ်ပျက် ပျောက်ပါတယ်ဘုရား)။ အဲဒီကဲ့သို့ ပျောက်သွားတဲ့အခါကျ လို့ရှိရင် ဒုက္ခလေးတွေ ပျောက်ပေ့ါ (မှန်လှပါ) မဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါဘုရား) အဲ့ဒုက္ခတွေ ပျောက်တော့ ဒုက္ခပျောက်တာက နိဗ္ဗာန် . . . (မှန်လှပါ)။ ပျောက်ကြောင်းသိတာက မဂ်ဉာဏ်၊ . . . (မှန်လှပါ)။ မလာဘူးလား၊ . . . (လာပါတယ်ဘုရား)။ ခုနင့်ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာတွေက မရှိတာက သမုဒယသစ္စာ ကို ပယ်ချလိုက်တာ၊ . . . (မှန်လှပါဘုရား)။ သဘောကျလား၊ (ကျပါတယ်)

အဲ့ဒါကြောင့် နောက်သံသရာစက်နဲ့ ပပဉ္စတရား သုံးခု သေသွားတော့ နောက်သံသရာ မလာတာကလဲ အနုပါဒိသေ

သနိဗ္ဗာန်ဆိုတာ မှတ်ပါ။ . . . (မှန်လှပါဘုရား)။ သဘောကျလား . . . (ကျပါဘုရား)။

တိုတိုပြောတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ . . . (ဒုက္ခသစ္စာပါ)။ ဟုတ်လား၊ (မှန်လှပါဘုရား)။ အင်းဖြစ်ပျက်လေးက ဒုက္ခသစ္စာ, ဖြစ်ပျက်ချုပ်တာက၊ . . . (နိရောဓ သစ္စာပါ)။ နိရောဓ သစ္စာ, အဲ့ဒီစိတ်ကလေး မြင်နေတာက၊ . . . (မဂ္ဂသစ္စာပါ)။ နောက်က တဏှာ, မာန ဒိဋ္ဌိသေတာက၊ . . . (သမုဒယ သစ္စာပါ) သမုဒယသေတာလို့ဆိုတာ မရှင်းသေးဘူးလား၊ . . . (ရှင်းပါတယ်)။ နားလည်ပြီလား၊ (နားလည်ပါဘုရား)။

**ကိုင်း ယနေ့ ဒီတွင် တော်ကြစို့။**

**သာဓု . . . သာဓု . . . သာဓု . . .**